မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၉ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၈၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂) ကျောင်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၈

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ရက် ညနေ ၅နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❍

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂) ကျောင်းဆင်း ဂုဏ်ပြု ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာရှီကျင့်ဖျင်။ (သတင်းစဉ်)

မစ္စတာ ရှီကျင့်ဖျင်သည် ၁၉၅၃ခုနှစ်တွင် ရှန်စီးပြည်နယ် ဖူဖျင်မြို့၌ မွေးဖွားခဲ့ပြီး ဟန်လူမျိုးဖြစ်ပါသည်။ ၁၉၇၄ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ မာက်စ်သီအိုရီနှင့် အတွေးအခေါ် အယူဝါဒဆိုင်ရာပညာရပ် အထူးပြုဘာသာဖြင့် ဆင်ဟွာတက္ကသိုလ်၊ လူ့အဖွဲ့အစည်းနှင့် လူမှုသိပ္ပံကျောင်းမှ ဥပဒေဒေါက်တာဘွဲ့ (LLD) ရရှိခဲ့ကာ ၁၉၆၉ခုနှစ်မှ ၁၉၇၅ခုနှစ်အထိ ရှန်စီးပြည်နယ် ရန်ချွမ်းဒေသရှိ ဝမ်အမ်းရိစုပေါင်းလယ်ယာ၊ လျန့်ကျားဟဲအဖွဲ့၌ ပါတီခွဲ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တာဝန်ထမ်းဆောင်ခဲ့

၁၉၇၅ခုနှစ်မှ ၁၉၇၉ခုနှစ်အထိ ဆင်ဟွာတက္ကသိုလ်၊ ဓာတုအင်ဂျင်နီယာဌာနတွင် အခြေခံဇီဝဓာတ်ဖွဲ့စည်းမှု ဖြစ်စဉ်ဆိုင်ရာ ဘာသာရပ်ကျောင်းသားအဖြစ် လေ့လာခဲ့သည်။ ၁၉၇၉ခုနှစ်မှ ၁၉၈၂ခုနှစ်အထိ နိုင်ငံတော်ကောင်စီနှင့် ဗဟိုစစ်ကော်မရှင်ဌာနချုပ်များတွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၂ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ ကွန်မြူနစ်ပါတီ ဟာပေပြည်နယ် ကျန့်တိန်မြို့နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒုတိယမြို့တော်ဝန်

၁၉၈၅ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ဖူကျန်းပြည်နယ် ရှားမန်မြို့ ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ဒုတိယမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၈ခုနှစ်မှ ၁၉၉၀ခုနှစ်အထိ ကွန်မြူနစ်ပါတီ ဖူကျန်းပြည်နယ် နင်းသယ်ခရိုင်ကော်မတီ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၀ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ ကွန်မြူနစ်ပါတီ ဖူကျန်းပြည်နယ် ဖူကျိုးမြူနီစီပယ်ကော်မတီ အတွင်းရေးမှူးနှင့် ဖူကျိုးမြူနီစီပယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

အမြဲတမ်းကော်မတီဥက္ကဋ္ဌ

၁၉၉၃ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဖူကျန်းပြည်နယ် ကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ဖူကျိုးမြူနီစီပယ် ကော်မတီ အတွင်းရေးမှူးနှင့် ဖူကျိုးမြူနီစီပယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၅ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ကွန်မြူနစ်ပါတီ ဖူကျန်းပြည်နယ် ကော်မတီ ဒုတိယအတွင်းရေးမှူး၊ ဖူကျိုးမြူနီစီပယ် ပါတီကော်မတီ အတွင်းရေးမှူးနှင့် ဖူကျိုးမြူနီစီပယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၃ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်)

အာဟာရပြည့်ဝသော မိခင်နို့ စနစ်တကျတိုက်ကျွေး နိုင်ငံ့သားကောင်းရတနာဖြစ်ရန် ပြုစုပျိုးထောင်

မြန်မာနိုင်ငံတွင် နှစ်စဉ်မွေးဖွားသော ကိုယ်ဝန်ဆောင်မိခင်လောင်း ၁ဒသမ၃သန်းခန့်ရှိသည်။ ယင်းမိခင်နှင့်ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေး တိုးတက်ကောင်းမွန်လာစေရေးနှင့် အန္တရာယ်ကင်းသော မိခင်ဘဝရရှိရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်။

ကလေးများအာဟာရပြည့်ဝရေး၊ ရှင်သန်ရေး၊ ကလေးများအား ရောဂါဘယဘေးမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိခင်များက မွေးကင်းစကာလမှစ၍ စနစ်တကျ နို့ချိုတိုက်ကျွေးကြရမည်ဖြစ်သည်။ သို့မှသာ အာဟာရပြည့်ဝခြင်း၊ ကျန်းမာခြင်းအကျိုးကျေးဇူးကို လူ့ဘဝ၏ကနဦးအစ၌ပင် စတင်ခံစားနိုင်မည်ဖြစ်သည်။

အချို့သောမိခင်များသည် ကလေးဘဝလှပရေးထက် မိမိလှပရေးအတွက်သာ ဦးစားပေးကြသဖြင့် ကလေးငယ်များသည် အာဟာရမပြည့်ဝခြင်း၊ ကျန်းမာရေးချို့တဲ့ပြီး မကြာခဏ ဆေးရုံ၊ ဆေးခန်းသို့သွားရခြင်း စသည့်အခြေအနေများနှင့် ရင်ဆိုင်နေကြရသည်။

မိခင်၏နို့ဦးရည်သည် ရောဂါကာကွယ်သော ပဋိဇီဝပစ္စည်း များပြားစွာပါဝင်သဖြင့် မွေးကင်းစကလေးငယ်အတွက် ပထမဦးဆုံးအကြိမ်ရရှိသော ရောဂါကာကွယ်ဆေးပင်ဖြစ်သည်။ ကလေးများအတွက် အာဟာရပြည့်ဝပြီး ကျန်းမာသန်စွမ်းစေသည်။ မိခင်နို့သည် ကလေးငယ်အတွက် အကောင်းဆုံး သဘာဝအာဟာရဖြစ်သဖြင့် ရင်သွေးငယ်များအား မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသင့်သည်။

မိခင်များသည် နို့ချိုတိုက်ကျွေးရာတွင် နည်းလမ်းမမှန်ကန်ခြင်း၊ စနစ်မကျခြင်း၊ အကျိုးအကြောင်းမသင့်လျော်သည့် အစဉ်အလာဟောင်းများကို ကျင့်သုံးခြင်းတို့ကြောင့် ကလေးငယ်များတွင် အာဟာရမပြည့်ဝခြင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ခြင်းနှင့် ကိုယ်နှင့်စိတ်ဖွံ့ဖြိုးမှုစံချိန်မမီခြင်းတို့ ကြုံတွေ့ခံစားကြရသည်ကို တွေ့ရသည်။

မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများနှင့် စနစ်တကျတိုက်ကျွေးနည်းများကို ကိုယ်ဝန်ဆောင်မိခင်တိုင်း သိရှိထားရမည်ဖြစ်သည်။ ကလေးမွေးဖွားပြီး နာရီဝက်အတွင်း တတ်နိုင်သမျှ အစောဆုံး မိခင်နို့ရည် စတင်တိုက်ကျွေးကြရမည်ဖြစ်သည်။ အစားအစာတောင်းတိုင်း မိခင်နို့ရည်ကို စနစ်တကျ တိုက်ကျွေးကြရမည်ဖြစ်သည်။

ကလေးအသက်လေးလအရွယ်အထိ မိခင်နို့မှလွဲ၍ အခြား အရည်နှင့်အစားအစာများ လုံးဝမတိုက်ကျွေးဘဲ အသက်လေးလကျော်မှ သင့်လျော်သော ဖြည့်စွက်စာ ကျွေးမွေးရမည်ဖြစ်သည်။ ကလေးအသက်နှစ်နှစ်အထိ ဖြည့်စွက်အစာနှင့်အတူ မိခင်နို့ကို တွဲဖက်တိုက်ကျွေးသွားရမည်ဖြစ်သည်။

ယနေ့လူငယ်များသည် အနာဂတ်၏ သားကောင်းရတနာများဖြစ်ပြီး နိုင်ငံတော်အကျိုး ဆက်လက်သယ်ပိုးသွားကြမည့်သူများဖြစ်ရာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်နေစေရန်အတွက် မွေးကင်းစမှစ၍ မိခင်တိုင်း မိခင်နို့ကိုတိုက်ကျွေးကာ စနစ်တကျ ပြုစုပျိုးထောင်သွားသင့်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘောဂဗိုက်တာဆေးဝါးလုပ်ငန်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းသို့ အလှူငွေကျပ်သိန်း ၅၀နှင့် ရန်ကုန်မြို့ ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ကြီးတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းများ အသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၃ရက်က ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးခန်းမ၌ကျင်းပရာ အလှူရှင် ဦးမြတ်ဦးက ကလေးဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၃)

မြဝတီရုပ်မြင်သံကြား

၁၉-၁၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၇)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း** လွင်မိုး၊ ခန့်စည်သူ၊ နန္ဒာလှိုင်၊ ပုလဲဝင်း (ဒါရိုက်တာ-မီးပွား)
၁၃း၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၅၁)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၂၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄း၃၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
၅း၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၁။ လျှပ်တစ်ပြက်
၆း၃၀ ၁၂။ စားဖိုဆောင်ချစ်သူ
၆း၄၅ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၂)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အင်္ဂလိပ်စာသုတ
၂၀။ လူရွှင်တော်စတား
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်** (တတိယတွဲ) (အပိုင်း-၃၇)

လမ်းမတော်မြို့နယ် ၁၂လမ်း (၆/၇)လွှာ အမှတ် ၃၄နေ ဦးစိန်မြင့်-ဒေါ်မိုးမိုးသိန်းမိသားစုက နှစ်ဖက်မိဘများအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒေါက်တာဦးလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ကျေးရွာစာကြည့်တိုက်များ ပန္နက်တင်ပွဲ မူဆယ်၌ကျင်းပ

မူဆယ် ဒီဇင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်ပြည့်စုံပြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် နိုင်ငံတော်မတည်ငွေနှင့် ပြည်သူများ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် စာကြည့်တိုက်များဆောက်လုပ်ရန် ပန္နက်တင်ပွဲများ ကျင်းပသည်။

ရှေးဦးစွာ မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မန်နှခမ်းကျေးရွာ ထွန်းသစ်စစာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၄ရက် နံနက် ၁၁နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်ဦးစီးမှူး ဦးသိန်းအောင်နှင့် ကျေးရွာဥက္ကဋ္ဌဦးစိုင်းမောင်ခင်တို့က ပန္နက်တင်ပေးကြသည်။

ပန္နက်တင်

အလားတူ ဒီဇင်ဘာ ၁၆ရက် နံနက် ၁၁နာရီက မူဆယ်မြို့နယ် ကြူကုတ်၌ လူငယ့်အားမာန်စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် မြို့နယ် ဥက္ကဋ္ဌဦးကိုကိုအောင်၊ တိုက်နယ်ဆရာဝန်ဒေါက်တာတင်ဝင်းအောင်နှင့် မြို့နယ်ဦးစီးမှူး ဦးဒေးဗစ်တို့က ပန္နက်တင်ပေးကြသည်။

အချိန်မီ

အဆိုပါစာကြည့်တိုက် ပန္နက်တင်ပွဲများသို့ မူဆယ်ခရိုင် ပြန်/ဆက် ဦးစီးအရာရှိ ဦးဆန်းဝင်းက စာကြည့်တိုက်များ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရေးနှင့် အချိန်မီပြီးစီးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

အထက(၂)သာယာဝတီ(အောဘီအမ်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

သာယာဝတီမြို့ အထက(၂) (အောဘီအမ်)၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (တနင်္လာနေ့) လွတ်လပ်ရေးနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးနေ သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများအနေဖြင့် ဒေါ်ကြည်ဝင်း (ကျောင်းအုပ်ကြီး)ဖုန်း-၀၅၅-၃၀၀၅၀၊ ဦးတုတု ဖုန်း- ၀၅၅-၃၀၃၀၆၊ ဒေါက်တာနီနီအေး ဖုန်း ၀၅၅-၃၀၃၂၆၊ ဒေါ်သန်းသန်းချို ကျောင်းစုရပ်ကွက်၊ ကိုကျော်ကျော်ဦး ဖုန်း-၀၅၅-၃၀၃၁၇၊ ကိုဇော်ညီညီစိန် (ကြယ်စင်စားသောက်ဆိုင်) ဖုန်း-၀၉-၅၃၆၀၄၆၆၊ ကိုသက်မော်ဦး ဒုဥက္ကဋ္ဌ သာယာဝတီမြို့နယ်အသင်း(ရန်ကုန်)ဖုန်း-၃၉၆၉၈၈၊ Ext:၂၀၆၀၊ ၀၉-၅၀၃၅၄၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဗဟန်း၌ စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၈

ဗဟန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ရက် နံနက်၁၀နာရီက ရေတာရှည်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးဆင့်က စာကြည့်တိုက် ခိုင်မာရှင်သန်ရေး၊ စာအုပ်စာစောင်တိုးပွားရေးအတွက် စာငှားကတ်စနစ်ကျင့်သုံးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဟောပြောသည်။

စုဆောင်း

ဆက်လက်၍ ရေတာရှည်ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ထွန်းက ရပ်ကွက်စာကြည့်တိုက်ရှင်သန်ရေးအတွက် ငွေပဒေသာပင်စိုက်ထူထားရှိမှုနှင့် စာအုပ်စာစောင်စုဆောင်းထားရှိမှုဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး လှိုင်မြို့နယ်၌ ဟောပြောသရုပ်ပြ

ရန်ကုန် ဒီဇင်ဘာ ၁၈

လှိုင်မြို့နယ်အတွင်း စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လှိုင်မြို့နယ်ရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဂုန်လျှော်နှင့်လျှော်မျှင်များလုပ်ငန်းဌာန (အုတ်ကျင်း)မှ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဒီဇင်ဘာ ၉ရက် နံနက်ပိုင်းက အဆိုပါစက်ရုံဝင်းအတွင်း၌ ကျင်းပသည်။ **(ယာပုံ)**

ဇာတ်တိုက်လေ့ကျင့်

အဆိုပါအခမ်းအနားတွင် စက်ရုံမှူး ဦးအောင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောကာ မီးငြိမ်းသတ်မှုသရုပ်ပြသခြင်း၊ မီးသတ်စက်များဖြင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

❍ *ရှေ့ဖုံးမှ*

ဂုဏ်ပြုညစာစားပွဲတက်ရောက်

အဆိုပါ ကျောင်းဆင်းဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင် တပ်နယ်မှူးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော် နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိချုပ်နှင့် ဗိုလ်လောင်းတပ်ရင်းများမှ တပ်ရင်းမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

၂၀၀၉ခုနှစ် ရန်ကုန်တိုင်း စတုတ္ထအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၀၉ခုနှစ် ရန်ကုန်တိုင်း စတုတ္ထအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ (4th Inter School Senior Cricket Challenge Shield 2009) ကို ဒီဇင်ဘာ ၂၂ရက်မှ ၂၇ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲတွင် ၁၀သင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ခြောက်သင်း ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

ချီးမြှင့်မည်

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ပြိုင်ပွဲတွင် ဆုရရှိကြသော အသင်းများအား ပထမဆုငွေကျပ် ခုနစ်သောင်း၊ ဒုတိယဆုငွေကျပ် လေးသောင်းနှင့် တတိယဆုငွေကျပ် နှစ်သောင်း ချီးမြှင့်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၁၂-၂၀၀၉(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ဆည်ရေလျှံလျှံ ကန်ဒေါင့်ရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၃၅၁၀။ Crossroads Cafe (Episode-15) (Breathing Away)
၉း၀၀၁၁။အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၃၀ ၅။ Yan Can Cook
၁၃း၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း- ၅၅)
၁၄း၃၅ ၇။ **ရင်ခုန်ကြည်နူးဖွယ် ကိုကိုးကျွန်း အဏ္ဏဝါခရီးစဉ်**
၁၄း၄၅ ၈။ **ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက**
၁၄း၅၀ ၉။ International News
၁၅း၀၀၁၀။အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)(ရူပဗေဒ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၆။ အကပြိုင်ပွဲ
၅း၁၀ ၇။ **ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ**
၅း၄၅ ၈။ တေးဂီတအစီအစဉ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅၁၀။ မိုးလေဝသအခြေအနေ
၆း၂၀၁၁။ **အလှရှာမယ်လှကမ္ဘာဝယ်**
၆း၄၅၁၂။ **ယဉ်တစ်ကိုယ်မယ် မက်ချင်ခဲ့တဲ့ အိပ်မက်များ** မာရီနာ၊ ချန်ထွန်း (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇း၀၀၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၃၀)
၈း၀၀၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၆၉)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၂၁)
၁၉။ **ဂီတတံခါးလေးဖွင့်ပါဦး**
၂၀။ အစီအစဉ်ပြီး၏။

မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ် နှစ်ခု ငွေတံဆိပ် တစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ နောက်ဆုံးနေ့ ပွဲစဉ်များဖြစ်သည့် နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာလက်ရွေးစင်ပိုက်ကျော်ခြင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့သည် ရွှေတံဆိပ်ဆု နှစ်ခုကို ဆွတ်ခူးရရှိခဲ့ပြီး ယမန်နေ့က ကျင်းပသည့် ၅၅-၇၀ကီလိုတန်း သိုင်းပြိုင်ပွဲတွင် မင်းဆွေက ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
ထိုင်း	၈၆	၈၃	၉၇	၂၆၆
ဗီယက်နမ်	၈၃	၇၅	၅၇	၂၁၅
အင်ဒိုနီးရှား	၄၃	၅၃	၇၄	၁၇၀
မလေးရှား	၄၀	၄၀	၅၉	၁၃၉
ဖိလစ်ပိုင်	၃၈	၃၅	၅၁	၁၂၄
စင်ကာပူ	၃၃	၃၀	၃၅	၉၈
လာအို	၃၃	၂၅	၅၂	၁၁၀
မြန်မာ	၁၂	၂၂	၃၇	၇၁
ကမ္ဘောဒီးယား	၃	၁၀	၂၇	၄၀
ဘရူနိုင်း	၁	၁	၈	၁၀
တီမောလက်စတေ	၀	၀	၃	၃

■ *ကျောဖုံးမှ*

ကြည့်ရှုအားပေး

ရှေးဦးစွာ ဝန်ကြီးများသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း၌ ပြည်တွင်းပြည်ပ ပန်းမျိုးစုံတို့ဖြင့် ရောင်စုံဖူးပွင့်ဝေဆာနေသည့် ပန်းခင်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီးများသည် သက်မဲ့ရုပ်ကြွင်းပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသည့် နို့တိုက်သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ တွားသွားသတ္တဝါကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ကျောရိုးမဲ့သတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဝန်ကြီးများသည်အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်အတွင်း ပြသထားသည့် အပင်ကျောက်ဖြစ်ရုပ်ကြွင်း၊ ရောင်စုံတုံးများ၊ ထန်းပင်အမြစ် ကျောက်ဖြစ်ရုပ်ကြွင်း၊ အပင်ကျောက်ဖြစ် ရုပ်ကြွင်းငယ်များနှင့် ပြုလုပ်ထားသော ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

လိပ်ပြာပြတိုက်

ဆက်လက်၍ ဝန်ကြီးများသည် လိပ်ပြာပြတိုက်သို့ ရောက်ရှိကြပြီး မြန်မာ့လိပ်ပြာများ၊ နီပေါနိုင်ငံနှင့် တရုတ်တိုင်ပေတို့မှ လိပ်ပြာများ၊ တောင်အမေရိက လိပ်ပြာများ၊ ဂျပန်နှင့် အရှေ့တောင်အာရှ လိပ်ပြာများ၏ ပုံသဏ္ဌာန်အမျိုးမျိုးတို့ကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ကန်တော်ကြီးဥယျာဉ်

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း၌ ရောင်စုံဖူးပွင့် ဝေဆာနေသည့် ပန်းခင်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

News Watch (စောင့်ကြည့်)သတင်းဂျာနယ် အတွဲ(၅)၊ အမှတ်(၂၁)ထွက်နေပြီ

ရန်ကုန် ဒီဇင်ဘာ ၁၈

စောင့်ကြည့်ဂျာနယ်တွင်ပါရှိသော အာရုံစိုက်စရာ သတင်းများမှာ ရန်ကုန်မြို့စည်ပင်သာယာနယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ်စီးနင်းခွင့် ပိတ်လိုက်ခြင်း၊ တရားမဝင်ဆင်ဆာမဲ့အခွေ သိန်း ၂၀၀၀ကျော်ဖိုးကို ဖျက်ဆီးလိုက်ခြင်း၊ ထိုင်ခုံဖြုတ်ထားသည့် ဘတ်စ်ကားများထိုင်ခုံပြန်တပ်ရမည်ဖြစ်ခြင်း၊ မြန်မာအင်ဂျင်နီယာတစ်ဦးပါ ကွန်တိန်နာသင်္ဘောမှ သင်္ဘောသားများ လွတ်မြောက်ရေး ဆိုမာလီဓားပြများနှင့် ညှိနှိုင်းဆဲ၊ ငွေကြေးလဲလှယ်မှုနှုန်း အတက်အကျသဘော၊ မြန်မာငွေဈေးတက်မှုနှင့် ဖြစ်ပေါ်လာမည့် အခြေအနေ စသည့်သတင်းများနှင့် ထိုင်းနိုင်ငံရှိ မိုဘိုင်းလ်ဖုန်းများတွင် အသုံးပြုရန် မြန်မာခေတ်ပေါ်သီချင်းများကို ဝယ်ယူနေ၊ ကိုရီးယားသင်္ဘောလိုင်းမှ မြန်မာသင်္ဘောသား ၈၀၀ကို ခေါ်ယူရန်ညှိနှိုင်း၊ ကိုကိုးကျွန်းထွက် ပင်လယ်မျှော့များ ဈေးကောင်းရနေခြင်း၊ စာရေးဆရာကြီး အိကြာကွေးကွယ်လွန်ခြင်း၊ မြန်မာ့ရုပ်ရှင်အစည်းအရုံးမှ ပထမဆုံး ဇာတ်ညွှန်းသင်တန်းဖွင့်မည်၊ ၂၀၀၉ခုနှစ် မြန်မာနိုင်ငံ HIV/AIDS ဝေဒနာရှင်များအခြေအနေ၊ ခိုးကူးသမားများ ဇာတ်ကားကြီးဘက်ဦးလှည့်၊ ပဲအရောင်းသွက်တဲ့ မုံရွာစသည်တို့အပြင်… မျိုးစုံတို့ သတ်ဖြတ်ခဲ့သော ခမာနီခေါင်းဆောင်နှစ်ဦးကို ကမ္ဘောဒီးယားမှာ တရားစွဲတင်၊ ဖိလစ်ပိုင်ထောင်ဖောက်မှုသတင်း၊ အာဖဂန်မှာ ပြန်ပေးဆွဲခံရသော စာနယ်ဇင်းဆရာသုံးဦးကို ပြန်လွှတ်ပေး၊ ရှီမွန်ပဲရစ်နှင့် ငြိမ်းချမ်းရေး၊ နျူကလီးယားနှင့် ခြိမ်းခြောက်နေသော မြောက်ကိုရီးယား အမေရိကန်နှင့် ဆွေးနွေးမည်၊ မြောက်ကိုရီးယား ကျင်ဂျုံအီလ်ထံ အိုဘားမားစာရေးသားခဲ့၊ စောင့်ကြည့်ရမည့်ပုဂ္ဂိုလ်များ၊ 'မိုးမြေချစ်သူ' ဇာတ်လမ်းထဲက သရုပ်ဆောင်နှစ်ဦး မြန်မာပြည်သို့လာမည်၊ ကိုယ့်ကိုယ်ကိုဘာမှန်းမသိတော့တဲ့ လီဖြောင်ပွန်း၊ ဘတ်ချောအွန်း၊ဂျန်းဒုံဂန်း (ဒါရိုက်တာရင်)၊ လီဒါအဲစသည့် ကိုရီးယားသရုပ်ဆောင်များ၊ မြန်မာ့သတင်း ကမ္ဘာ့သတင်းများဖတ်ပြီးရင် စိတ်မညစ်ပါနှင့် ဖျော်ဖြေရေးကဏ္ဍနှင့် အနားယူပါစသည့်သတင်းဝေဝေဆာဆာဖြင့် အတွဲ(၅)၊ အမှတ် (၂၁) News Watch (စောင့်ကြည့်)သတင်းဂျာနယ် ထွက်ရှိနေပြီဖြစ်သည်။ ***(သတင်းစဉ်)***

● *ရှေ့ဖုံးမှ*

၁၉၉၆ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ ကွန်မြူနစ်ပါတီ ဖူကျန်းပြည်နယ် ကော်မတီ၊ ဒုတိယအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၉ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ကွန်မြူနစ်ပါတီ ဖူကျန်းပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် ဖူကျန်းပြည်နယ် ယာယီအုပ်ချုပ်ရေးမှူး၊ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ယာယီအုပ်ချုပ်ရေးမှူး

၂၀၀၂ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ကွန်မြူနစ်ပါတီ ကျဲကျန်းပြည်နယ် ကော်မတီ ဒုတိယအတွင်းရေးမှူးနှင့် အတွင်းရေးမှူး၊ ကျဲကျန်းပြည်နယ် ယာယီအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၃ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ကွန်မြူနစ်ပါတီ ကျဲကျန်းပြည်နယ် ကော်မတီ အတွင်းရေးမှူးနှင့် ကျဲကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်း ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၇ခုနှစ်တွင် ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပယ် ကော်မတီအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၇ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပါတီသင်တန်းကျောင်း ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒုတိယသမ္မတ

၂၀၀၈ခုနှစ်မှ ယခုအထိ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် အဖြစ်လည်းကောင်း၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပါတီသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် (၁၅)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အရန်ဗဟိုကော်မတီဝင်၊ (၁၆) ကြိမ်နှင့် (၁၇)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏အဖွဲ့ဝင်၊ (၁၇) ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီ အဖွဲ့ဝင်နှင့် (၁၇)ကြိမ်မြောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးချုပ်ရုံး အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၏ ပထမအကြိမ် အစည်းအဝေး၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယသမ္မတအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

တောင်ပိုင်းစွန်းဒေသများတွင် ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရန်ကုန်တိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဒီဇင်ဘာလ စတုတ္ထရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စမ်းသပ်ပျံသန်း

အမေရိကန်နိုင်ငံ ပိုင်းဖီးလ်လေယာဉ်ပြေးလမ်းကြောင်းပေါ်တွင် ဘိုးရင်းကုမ္ပဏီမှထုတ်လုပ်သော ဒရင်းလိုင်းနား ၇၈၇ဂျက်လေယာဉ်သစ်ကြီး စတင်စမ်းသပ်ပျံသန်းမှုကို ဒီဇင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

လွတ်လပ်သော ကုန်ကူးသန်းရောင်းဝယ်ရေး တောင်ကိုရီးယားနှင့်ဂျပန် ဆွေးနွေးမည်

ဆိုးလ် ဒီဇင်ဘာ ၁၈

တောင်ကိုရီးယားနှင့်ဂျပန် နှစ်နိုင်ငံ စတုတ္ထအကြိမ်မြောက် လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးမှုကို လာမည့်ရက်သတ္တပတ်တွင် ဆိုးလ်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ပါဝင်

အဆိုပါ ဆွေးနွေးပွဲသို့တက်ရောက်မည့် တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နည်းပညာနှင့်စီးပွားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့ အပါအဝင် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၂၀ ပါဝင်မည်ဖြစ်သည်။

လွတ်လပ်စွာကုန်သွယ်

ယခုအခါ တောင်ကိုရီးယားနိုင်ငံသည် ချီလီ၊စင်ကာပူ၊ ဥရောပနိုင်ငံများနှင့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီမှုများရရှိထားပြီး အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း သဘောတူစာချုပ်ချုပ်ဆိုထားကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့အရှည်ဆုံး ပင်လယ်ဖြတ်ကျော်တံတား တရုတ်နိုင်ငံ၌ စတင်တည်ဆောက်လျက်ရှိ

ပေကျင်း ဒီဇင်ဘာ ၁၈

တရုတ်နိုင်ငံတောင်ပိုင်းရှိ စီးပွားရေးအချက်အချာကျသည့် ကွမ်းတုံပြည်နယ်မှသည် ဟောင်ကောင်နှင့်မကာအို အထူးအုပ်ချုပ်ရေးဒေသများသို့ ပေါင်းကူးဆက်သွယ်မည့် ကမ္ဘာ့အရှည်ဆုံး ပင်လယ်ဖြတ်ကျော်တံတား စတင်တည်ဆောက်သည့် အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်က ကျင်းပရာ တရုတ်ဒုတိယဝန်ကြီးချုပ် လီကီကျန်း တက်ရောက်သည်။

မြှင့်တင်ပေးနိုင်

ယခုတည်ဆောက်သည့်တံတားမှာ တရုတ်နိုင်ငံသမိုင်းတွင် သမိုင်းမှတ်တိုင်အဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း။ ထို့ပြင် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း လီက ပြောကြားသည်။

လျှောင်ဒဏ်ခံ

တံတားအရှည်မှာ ကီလိုမီတာ ၅၀ နီးပါးရှိမည်ဖြစ်ပြီး ခြောက်လမ်းသွား အဝေးပြေးလမ်းအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရစ်ချ်တာစကေး ၈ အဆင့်ရှိသည့် လျှောင်ဒဏ်ကိုလည်း ခံနိုင်ရည်ရှိစေရန် တည်ဆောက်မည်ဖြစ်ကြောင်း တံတားတည်ဆောက်မှုစီမံကိန်းတာဝန်ခံ ဇူရောင်လင်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် နှစ်သစ်ကူးအကြို ရောင်စုံမီးများဖြင့် အလှဆင်ထားသည်ကို ဒီဇင်ဘာ ၁၇ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ရုရှား ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း ဩစတြီးယားပါဝင်ရန် စိတ်ဝင်စားနေ

ဗီယင်နာ ဒီဇင်ဘာ ၁၈

ဩစတြီးယားနိုင်ငံသည် ရုရှားနိုင်ငံ၏ ဆောက်သ်စထရင်းမ်ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတွင်ပါဝင်ရန် စိတ်ဝင်စားနေကြောင်း ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်စပင်ဒီလက်ဂါက ပြောကြားသည်။

မိမိတို့အနေဖြင့် အနာဂတ်ကို မျှော်ကြည့်ပါက ယင်းစီမံကိန်းသည် ဓာတ်ငွေ့ဖြန့်ဖြူးရောင်းချရာတွင် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်းဖြင့် ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်ဟု အာရ်အိုင်အေနိုဗော့စတီးသတင်းဌာနက ကိုးကားဖော်ပြသည်။

ထောက်ခံ

အဆိုပါပိုက်လိုင်းသည် ကြားခံနိုင်ငံများအပေါ် မှီခိုနေရမှုလျှော့နည်းရေးအတွက် ကြိုးပမ်းခြင်း၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း၊ ထို့အပြင် ထိုဓာတ်ငွေ့ပိုက်လိုင်းသည် ဥရောပသမဂ္ဂ(အီးယူ) ထောက်ခံသည့် နာဘတ်ကို ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့် အပြိုင်ဖြစ်ကြောင်းလည်းသိရသည်။

ဆုံးဖြတ်ထား

ဩစတြီးယားနိုင်ငံသည် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရောင်းချရာတွင် နည်းလမ်းတစ်ခုတည်းမကဘဲ အမျိုးမျိုးသောနည်းလမ်းများဖြင့် ဖြန့်ဖြူးရောင်းချရေး ရည်ရွယ်ကာ နာဘတ်ကို ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းတွင် အစုစပ်ဝင်အဖြစ်ပါဝင်ရန် ဆုံးဖြတ်ထားကြောင်းဖြင့်လည်း ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးက ထည့်သွင်းပြောကြားသည်။

(အင်တာနက်)

ကိုပင်ဟေဂင် ရာသီဥတုဆွေးနွေးပွဲ တိုးတက်မှုနှေးကွေး၍ ကုလသမဂ္ဂစိုးရိမ်

ကိုပင်ဟေဂင် ဒီဇင်ဘာ ၁၈

ကိုပင်ဟေဂင်၌ ကျင်းပနေသည့် ရာသီဥတုဆိုင်ရာဆွေးနွေးပွဲတွင် အကြိတ်အနယ်ဖြစ်နေသည့် ၁၉၂နိုင်ငံအား ကုလသမဂ္ဂရာသီဥတုဆိုင်ရာအကြီးအကဲ ဝိုင်ဗိုဒီဘိုးဝါးက ပြစ်တင်ဝေဖန်လိုက်ပြီး ကမ္ဘာ့ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချမည့် ကတိကဝတ်များကို မြန်မြန်ဆန်ဆန်နှင့် လက်တွေ့ကျကျ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုက်သည်။

ပြောကြား

ယင်းကိုပင်ဟေဂင် ရာသီဥတုဆိုင်ရာဆွေးနွေးပွဲသည် အပြီးသတ်သဘောတူညီချက်ကို ဒီဇင်ဘာ ၁၈ရက်တွင် လက်မှတ်ရေးထိုးခြင်းမပြုမီ လုပ်ငန်းအမြောက်အမြားကို ပြီးစီးအောင် ဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း ကုလသမဂ္ဂရာသီဥတုဆိုင်ရာအကြီးအကဲ ဝိုင်ဗိုဒီဘိုးဝါးက ဒီဇင်ဘာ ၁၅ရက်တွင် ပြောကြားသည်။

ထင်ဟပ်ပြသ

ကုလသမဂ္ဂရာသီဥတုဆိုင်ရာ အကြီးအကဲ၏ ယင်းစိုးရိမ်တကြီး ပြောကြားချက်များသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏တိုက်တွန်းချက်ကို ထင်ဟပ်ပြသနေသည်။ ဆွေးနွေးပွဲတွင် ချမ်းသာသည့်နိုင်ငံများနှင့် ဆင်းရဲသည့်နိုင်ငံများအကြား သဘောထား ကွဲပြားချက်များဖြစ်နေချိန်၌ တစ်ဖက်နှင့်တစ်ဖက် ငြင်းခုန်အပြစ်ဆိုမှုများကို ရပ်တန့်ကြပါရန် ဘန်ကီမွန်းက တိုက်တွန်းပြောကြားလိုက်သည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့အကြား ပထမဆုံးပြေးဆွဲသည့် အမြန်ရထားကို ဒီဇင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သဘောတူစာချုပ်များ ပီရူးကွန်ဂရက် အတည်ပြု

လီမာ ဒီဇင်ဘာ ၁၈

နိုင်ငံတကာသဘောတူစာချုပ် ၁၀ ခုကို ပီရူးကွန်ဂရက် နိုင်ငံခြားရေးကော်မရှင်က ဒီဇင်ဘာ ၁၄ရက်၌ အတည်ပြုလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ သဘောတူစာချုပ်များအနက် အများစုသည် ဘရာဇီးအစိုးရနှင့် ချုပ်ဆိုသော စာချုပ်များဖြစ်သည်ဟု ဆိုသည်။

လက်မှတ်ရေးထိုး

ပီရူးအစိုးရနှင့် ဘရာဇီးအစိုးရတို့အနေဖြင့် ဆင်းရဲမွဲတေမှုဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေးနှင့် စပ်လျဉ်းသည့် သဘောတူစာချုပ်ခြောက်ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဗုံးပေါက်ကွဲမှု ဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ဂါဇီဂန်ဒေသ၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မဲခေါင်မြစ်အတွင်း ကုန်သွယ်ရေး ဗီယက်နမ်နှင့် ကမ္ဘောဒီးယားသဘောတူ

ဖနောင်ပင် ဒီဇင်ဘာ ၁၈

ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား မဲခေါင်မြစ်အတွင်း ရေကြောင်းကုန်သွယ်ခရီးသွားလာရေး လွတ်လပ်စွာ ဆောင်ရွက်ရန် စာချုပ်တစ်ရပ်ကို ဒီဇင်ဘာ ၁၇ရက်က ချုပ်ဆိုလိုက်သည်။

ယင်းသဘောတူစာချုပ်အရ တင်းကျပ်ထားသော စည်းကမ်းချက်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ၎င်းစာချုပ်ကို ဖနောင်ပင်မြို့၌ နှစ်နိုင်ငံ တာဝန်ရှိသူများက ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း မဲခေါင်မြစ်ကော်မရှင်က ကြေညာချက်ထုတ်ပြန်ထားသည်။

မဲခေါင်မြစ်နှင့် အခြားသောမြစ်လက်တက်များတွင် တရားဝင်ကူးသန်းရောင်းဝယ်ခွင့် ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် တရားမဝင်ရောင်းဝယ်မှုများ ရပ်တန့်စေမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန် စစ်ဆင်ရေးလုပ်ငန်းများ ရုရှားပူးပေါင်းဆောင်ရွက်ရန် နေတိုးမေတ္တာရပ်ခံ

မော်စကို ဒီဇင်ဘာ ၁၈

အာဖဂန်နစ္စတန်နိုင်ငံတွင် ဆင်နွဲနေသည့် အနောက်အုပ်စုမဟာမိတ်များ၏ စစ်ဆင်ရေးများအတွက် ရုရှားနိုင်ငံက ပိုမိုပူးပေါင်းဆောင်ရွက်ရန် မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့(နေတိုး) အတွင်းရေးမှူးချုပ် အင်ဒါဖော့ရတ်စ်မူဆင်က ဒီဇင်ဘာ ၁၆ရက်တွင် မေတ္တာရပ်ခံလိုက်သည်။

ပထမဆုံး

ရတ်စ်မူဆင်သည် ဩဂုတ်လက နေတိုးအတွင်းရေးမှူးချုပ်ရာထူးကိုရရှိခဲ့ပြီး မော်စကိုသို့ ပထမဦးဆုံးအကြိမ် လာရောက်လည်ပတ်ခြင်းဖြစ်သည်။ ရုရှားနှင့် နေတိုးဆက်ဆံရေးသည် အဆင့်သစ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က နေတိုးအတွင်းရေးမှူးချုပ် ရတ်စ်မူဆင်နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

ပူးပေါင်းဆောင်ရွက်ရေး

မိမိတို့သည် အကြမ်းဖက်မှု၊ ရာဇဝတ်မှုနှင့် အများရင်ဆိုင်နေရသည့် အန္တရာယ်ကို ရင်ဆိုင်တွန်းလှန်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အပါအဝင် ဆွေးနွေးညှိနှိုင်းစရာ အမြောက်အမြားရှိကြောင်းဖြင့်လည်း ရုရှားသမ္မတ မက်ဗီဒက်ဗ်က ပြောကြားသည်။ **(အင်တာနက်)**

19-12 (04).pmd 1 12/19/2009, 1:41 PM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

စကြဝဠာ၏အအေးဆုံးနေရာ လကမ္ဘာ၌ တွေ့ရှိ

နေစကြဝဠာတွင် အအေးဆုံးနေရာသတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်ရာ၌ ကမ္ဘာကိုလှည့်ပတ်နေသည့်လကမ္ဘာပေါ်တွင် ရေခဲမှတ်အောက် ၂၄၉ဒီဂရီစင်တီဂရိတ်ရှိသည့်နေရာကို အာကာသယာဉ်မှနေ၍ တွေ့ရှိရကြောင်း သိရသည်။

တရုတ်နိုင်ငံ မြို့နှစ်မြို့၌ မီးလောင်မှုဖြစ်ပွား

တရုတ်နိုင်ငံရှိ မြို့နှစ်မြို့တွင် ဒီဇင်ဘာ ၁၇ရက်ညက မီးလောင်မှုနှစ်ခုဖြစ်ပွားခဲ့ရာ ခုနစ်ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ မီးလောင်မှု ဖြစ်ပွားခဲ့သည့်မြို့များမှာ စီအင်မြို့နှင့် ရှင်ကျင့်မြို့တို့ဖြစ်သည်ဟု သိရသည်။ မီးလောင်ရခြင်းအကြောင်းရင်းကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေသည်။ *(အောက်ပုံ)*

လက်ဘနွန် မြောက်ဘက်ကမ်းလွန်၌ ခရီးသည် ၈၇ ဦးပါ သင်္ဘောတစ်စင်းနစ်မြုပ်

လက်ဘနွန်နိုင်ငံမြောက်ဘက် ထရီပိုလီကမ်းလွန်တွင် ခရီးသည်၈၇ဦးလိုက်ပါလာသည့် သင်္ဘောတစ်စင်း ဒီဇင်ဘာ ၁၇ ရက်က နစ်မြုပ်သွားကြောင်း အမ်အင်န်အေဆင်ဟွာသတင်းတွင် ဖော်ပြသည်။ သင်္ဘောအမည်မှာ ဒါနီအက်ဖ်ဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဟု သိရသည်။

ဘင်္ဂလားဒေ့ရှ် အထည်အလိပ်တင်ပို့မှု ကျဆင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ပထမလေးလ၌ ပြည်တွင်းဖြစ် အထည်အလိပ်တင်ပို့မှုသည် ယခင်နှစ်အလားတူ ကာလကတင်ပို့မှုထက် ၁၂ဒသမ၇၇ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်တွင် ယင်းကဲ့သို့ ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်၌ ငလျင်လှုပ်၊ ခုနစ်ဦးဒဏ်ရာရ

ဂျပန်နိုင်ငံ တိုကျိုမြို့၏ အနောက်တောင်ဘက် ၅၅မိုင်အကွာရှိ ပစိဖိတ်သမုဒ္ဒရာအတွင်း တစ်နေရာကို ဗဟိုပြု၍ ဒီဇင်ဘာ ၁၈ရက်က ရစ်ချ်တာစကေး ၅ဒသမ ၂အဆင့်ရှိ ငလျင်လှုပ်သွားခဲ့သည်။ ယင်းငလျင်ကြောင့် အီဇုမြို့ရှိနေအိမ် ၂၀ခန့် ပျက်စီးသွားခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အမေရိကန်၌ အလုပ်အကိုင်ဖန်တီးရေး ဒေါ်လာ ၁၅၄ဘီလီယံ သတ်မှတ်

အမေရိကန်အောက်လွှတ်တော်အမတ်များသည် အမေရိကန်၌ အလုပ်လက်မဲ့များအား အလုပ်အကိုင်ဖန်တီးပေးရန်နှင့် ၁၉၃၀ပြည့်လွန်နှစ်များနောက်ပိုင်း အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှုဒဏ်ခံရမှုလျှော့နည်း သက်သာစေရန် ရည်ရွယ်၍ အသုံးစရိတ်အမေရိကန်ဒေါ်လာ၁၅၄ဘီလီယံသတ်မှတ်သည့် အစီအစဉ်တစ်ရပ်ကို လက်ခံအတည်ပြုပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

စပိန်နိုင်ငံတောင်ပိုင်းတွင် ငလျင်လှုပ်

စပိန်နိုင်ငံတောင်ပိုင်းရှိ အင်ဒါလူစီးယား အနောက်ဘက်ကမ်းခြေတွင် ဒီဇင်ဘာ ၁၇ရက် နံနက်စောစောပိုင်းက အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်သွားကြောင်း၊ မြေငလျင်မှာ ရစ်ချ်တာစကေး ၆ဒသမ၂အဆင့်ရှိကြောင်း၊ သေကျေဒဏ်ရာရမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

ဘရာဇီးတောင်ပိုင်း၌ ချိန်ခါမဟုတ် မိုးရွာ၊ ခြောက်ဦးသေဆုံး

ဘရာဇီးနိုင်ငံတောင်ပိုင်းတွင် ချိန်ခါမဟုတ် မိုးရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားသဖြင့် ခြောက်ဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဒီဇင်ဘာ ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။ သေဆုံးသူများတွင် ဆောပေါလိုဒေသ၌ လေးနှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် ယာဉ်မောင်းသူအမျိုးသမီးသုံးဦးလည်း ပါဝင်သည်ဟု သိရသည်။

ပီရူးတောင်ပိုင်း၌ မြေပြို၊ ကိုးဦးသေဆုံး

ပီရူးနိုင်ငံတောင်ပိုင်းတွင် မြေပြိုသဖြင့် ကိုးဦးသေဆုံးသွားကြောင်း ပီရူးအစိုးရက ဒီဇင်ဘာ ၁၇ ရက်တွင် ကြေညာပြီး နေအိမ် ၉၃လုံး ပျက်စီးသွားကြောင်း ပီရူးဝန်ကြီးများကောင်စီဥက္ကဋ္ဌက ပြောကြားသည်။ ***(အင်တာနက်)***

ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား သံဖြူဇရပ်၌ ကျင်းပ

သံဖြူဇရပ် ဒီဇင်ဘာ ၁၈

ကမ္ဘာ့ခုခံအားကျဆင်းမှု ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြေစိုက်ပိုစတာစိုက်ထူပွဲကို နိုဝင်ဘာ ၂၉ရက်က သံဖြူဇရပ်မြို့ အထက(၁) အရှေ့မြက်ခင်းပြင်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသူရနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းတို့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အထိမ်းအမှတ်နေ့အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က အထက(၁) ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်က အထိမ်းအမှတ်နေ့ကျင်းပရခြင်းနှင့် မြို့နယ်ဆရာဝန်ကြီးဒေါက်တာသူရက ခုခံအားကျဆင်းမှုရောဂါအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အထိမ်းအမှတ်နေ့ စာစီစာကုံး၊ ဆောင်းပါး၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူကျောင်းသားကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်း၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာသူရနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိတို့က ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ဂုံးတဲ-ရေပြာ-နောင်ဘို-သောင်ကြီး-မြပဲခူးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၄ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှု အန္တရာယ်ဆိုးကျိုးများ မကျရောက်စေရေး အသိပညာပေးနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲကို ဒီဇင်ဘာ၃ရက်က အမှတ်(၉၄) ရပ်ကွက် အထက(၂)ကျောင်းခန်းမ၌ ကျင်းပရာ ခေတ္တ မြို့နယ်ရဲတပ်ဖွဲ့မှူး အောင်ကျော်စိုးဝင်းက ကျောင်းသားကျောင်းသူများအား အသိပညာပေး ဟောပြောစဉ်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းလမ်းလျှောက်ပွဲ ကလေးမြို့၌ ဆင်နွှဲ

ကလေး ဒီဇင်ဘာ ၁၈

ကလေးမြို့နယ် ၂၀၀၉ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၅နာရီခွဲက ကလေးမြို့လမ်းဆုံ၌ ကျင်းပသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်း၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက် အသီးသီးမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၉၀၀ ကျော်တို့ တပျော်တပါး ပါဝင်ဆင်နွှဲကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုများကို မြို့နယ်အားကစားကွင်း၌ ပြုလုပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ် ဥသျှစ်ကုန်းရွာ ပညာပုညစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၆ရက်က ယင်းစာကြည့်တိုက် အဆောက်အအုံမြေနေရာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှထွန်း၊ အဖွဲ့ဝင်ဒုတိယရဲမှူးသိန်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးအောင်မြင့်ဦး၊ ကျေးရွာဥက္ကဋ္ဌ ဦးစန်းယုနှင့် တာဝန်ရှိသူများက ပန္နက်တင်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လှူမိတ်ဆွေ

ရေစစ်ကန်ပြုလုပ်

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သော မြို့အရှေ့ခြမ်း တောင်ပေါ်ရေလှောင်ကန်တွင် အကြမ်းရေစစ်ကန်ပြုလုပ်မှုကို နိုဝင်ဘာ ၁၃ ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

ဟာသကားများအကြား ရဲရဲဝံ့ဝံ့တိုးဝင်လာသည့် ပင်လယ်ကိုဖြတ်၍ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဒီဇင်ဘာ ၁၈

ကိုလွင်(စနိုးပိုက်) ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာမောင်မောင်ဦး(စနိုးပိုက်) ရိုက်ကူးသည့် **ပင်လယ်ကိုဖြတ်၍** ဇာတ်ကားသစ်မှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ယနေ့ရုံဝင်လာသည်။

မေတ္တာဖွဲ့

ဇာတ်လမ်းမှာ ရည်းစားများသော ရန်ကုန်သားနှင့် မော်ဝင်ကျွန်းက သောကတွေပင်လယ်ဝေနေသော မောင်နှမနှစ်ဦးတို့ မထင်မှတ်ဘဲတွေ့ကြ၊ ချစ်ကြသော ဇာတ်လမ်းဖြစ်သည်။ ဇာတ်လမ်းအစတွင် နိုင်းနိုင်းနှင့် ရန်ကုန်သူမိန်းမချောလေးများအကြား ထင်ပေါ်၏ အရယ်အသောကို မြင်ရသော်လည်း နောက်ပိုင်းတွင် မောင်နှမမေတ္တာနှင့် ချစ်သူတို့သစ္စာတရားကို အားပြိုင်ကာ ဇာတ်ရှိန်မြှင့်ထားသည့် ချစ်မေတ္တာဖွဲ့ဇာတ်ကားတစ်ကားဖြစ်သည်။

ပင်လယ်ကိုဖြတ်၍ ချစ်ကြသော နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်။

လက်စွမ်းပြ

ပင်လယ်ကိုဖြတ်၍ ဇာတ်ဝင်ခန်းများကို ဇာတ်ကားနာမည်နှင့်လိုက်ဖက်စွာ ဟိုင်းကြီးကျွန်းတစ်ခွင်က မြန်မာ့ပင်လယ်ပြင်၏ သဘာဝအလှကို သာယာလွမ်းမောဖွယ်ဖြစ်အောင် ကင်မရာမင်းက လက်စွမ်းပြ ရိုက်ကူးထားသည်။

ကြည့်ရမည့်ဇာတ်ကားများ

ရွှေဆောင်ရုံတွင် **မာမီရှိန်း**၊ နေပြည်တော်ရုံတွင် **2012**၊ မြို့မရုံတွင် **Chor Machaaye Shor**၊ ဘုရင့်ရုံတွင် **Dil Kya Kare** ဇာတ်ကားများကို ကြည့်ကြရမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)



အမှာစကား ပြောကြား

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားၛ် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အဖွင့်အမှာစကား ပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ရက် ညနေ၃နာရီတွင် နေပြည်တော်ရှိ ဘောလုံးကွင်းအမှတ် (၁)၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများမှ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများက ဘောလုံးကွင်းအတွင်း နေရာယူကြသည်။

ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများက တိုင်းမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း အထက်ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ

လျှပ်စစ်(၁) ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၈

နိုင်ငံတော်အကြီးအကဲ၏ခရီးစဉ်၌ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့်အတူ ဒီဇင်ဘာ ၁၆ရက် နံနက်ပိုင်းက အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ စီမံကိန်းယာယီရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အမှတ်(၂) တည်ဆောက်ရေးညွှန်ကြားရေးမှူးက စီမံကိန်းတည်နေရာ စီမံကိန်းနေရာသို့ လမ်းဖောက်လုပ်ပြီးစီးမှု၊ တမံနေရာရွေးချယ်ထားရှိမှု၊ ရေယူဥမင်လိုဏ်နှင့် ရေလွှဲဥမင်နေရာရွေးချယ်ထားရှိမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာ ရွေးချယ်ထားရှိမှု၊ ဘူမိဗေဒစမ်းသပ်မှုအရ တွေ့ရှိရသော ကျောက်သားများအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပွင့်လင်းရာသီအတွင်း ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို မှာကြားပြီး တမံတည်ဆောက်မည့် နေရာတစ်လျှောက်နှင့် စိန်လွန်တွင်းမှ တူးဖော်ထားသော ကျောက်သားများ၏ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် စီမံကိန်းအနီးရှိ တောင်ခြေကျေးရွာမှ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ စီမံကိန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းပြသည်။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် ရဲရွာရေအားလျှပ်စစ် စီမံကိန်း၏ အထက်ဘက် (၆၅)မိုင်အကွာ ကျောက်မဲမြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ပေါ်၌ တည်ရှိသော ရေအားလျှပ်စစ်စီမံကိန်းဖြစ်သည်။

တည်ဆောက်နေ

ဒုဋ္ဌဝတီမြစ်ကို အဆင့်ဆင့်ဆည်တမံပိတ်၍ ပထမအဆင့် ရဲရွာစီမံကိန်း၊ ယခု ဒုတိယအဆင့် အထက်ရဲရွာစီမံကိန်းဟူ၍ ဒုဋ္ဌဝတီမြစ်တစ်လျှောက်၌ ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်နေခြင်းဖြစ်သည်။ အထက်ရဲရွာစီမံကိန်းသည် လျှပ်စစ်စက် တပ်ဆင်အား မဂ္ဂါဝပ် ၁၄၀ရှိမည့် စီမံကိန်းတစ်ခုဖြစ်သည်။ **(သတင်းစဉ်)**

ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း

(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) မွန်းလွဲ ၁နာရီ၌ အထက(၁) နဝဒေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများကို ရန်ကုန် ဦးလှရွှေ (ဥက္ကဋ္ဌ၊ ရေနံချောင်းမြို့နယ်အသင်း) ဖုန်း-၀၁-၅၇၂၄၄၀၊ မန္တလေး ဦးမောင်မောင် [ဦးစီးအရာရှိ (ငြိမ်း)၊ ဆည်မြောင်း] ဖုန်း-၀၂-၃၁၈၃၆၊ မကွေး ဦးကျော်ညွှန့် (ဗဟိုတရားရုံးရှေ့နေ) ဖုန်း-၀၆၃-၂၂၁၈၀၊ ရေနံချောင်း ဦးစိန်မောင်ညို (ကျောင်းအုပ်ဆရာကြီး) ဖုန်း-၀၆၀-၂၁၀၆၇၊ ဦးမြမောင် (အတွင်းရေးမှူး) ဖုန်း-၀၆၀-၂၁၁၁၁နှင့် ဦးဝင်းထွန်း (လေယာဉ်ပျံဆေးလိပ်ခုံ) ဖုန်း-၀၆၀-၂၁၁၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၁၈

အထက(၃)ဒဂုံ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အထက(၃)ဒဂုံ၏ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ဝါးခယ်မမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်ကချီးမြှင့်သော ဆုတံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၂၀ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

လသာ အထက (၁) မြတ်ဆရာပူဇော်ပွဲ

အထက(၁)လသာ၌ ၁၉၅၅မှ ၁၉၈၅ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဗဟိုစိပ်ပြ ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ရန် နှိုးဆော်ထားသည်။

စလေအထက (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်မည်

စလေအထက၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း မြတမာခန်းမ၌ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၆၃-၄၀၂၁၃နှင့် ၄၀၂၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အောင်သုတ၏ သတင်းထောက်ပညာ စာအုပ်ဖြန့်ချိ

သတင်းအတတ်ပညာနှင့်ပတ်သက်၍ အခန်းလိုက် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည့် အောင်သုတရေးသားပြုစုသော သတင်းထောက်အတတ်ပညာစာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။

သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော သံတွဲခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ) မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီ တောင်ဘက်မုခ်အနီးရှိ ကန်တော်မင်္ဂလာပန်းခြံ၌ နံနက် ၇နာရီတွင်ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ရန် နှိုးဆော်ထားသည်။

အထက(၄) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ

အထက(၄)မြောက်ဥက္ကလာပ၌ ၁၉၆၆ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ပေါင်းလောင်းအသင်း(ရန်ကုန်) သက်ကြီးပူဇော်မည်

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ငွေရတုအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင် ရန်ကုန်မြို့ ရွှေကျင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးစာရင်းနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ ကျောင်းသားများစာရင်းကို အသင်းရုံး ဖုန်း-၅၀၂၅၃၅နှင့် ၅၂၆၆၄၇တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ဒီဇိုင်းပညာသင်တန်း တက်ရောက်နိုင်

ယနေ့ခေတ်မီမီတို့ပတ်ဝန်းကျင်၌ အရေးပါအသုံးဝင်သော ဒီဇိုင်းပညာ (Graphic)နှင့် ပတ်သက်၍ လူငယ်များအတွက် သင်တန်းကို ကွန်ပျူတာအခြေခံရှိရုံဖြင့် တက်ရောက်နိုင်မည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၂၂၂၀၅၂နှင့် ၂၂၄၄၉၆ တို့သို့ စုံစမ်းဆက်သွယ်နိုင်သည်။။

အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ မန္တလေး၌ကျင်းပမည်

မန္တလေးမြို့၌ ပထမဆုံးအကြိမ်အဖြစ်ကျင်းပမည့် အိမ်မွေးတိရစ္ဆာန်များပြပွဲ၊ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ရက်နှင့် ၂၅ရက်တို့တွင် မန္တလေးတိုင်း မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံးဝင်း၌ ကျင်းပမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

အားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျိုက်ထို၌ ဆင်နွှဲ

ကျိုက်ထို ဒီဇင်ဘာ ၁၈

ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျိုက်ထိုမြို့နယ်၏ ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၅ရက် နံနက်က ရန်ကုန်-မုတ္တမလမ်းမရှိ မြို့နယ်အားကစားရုံးရှေ့တွင် ကျင်းပပြီး အဆိုပါရုံးရှေ့မှ ကော့စံနိုင်လက်ပြတံတားအထိ စုပေါင်းလမ်းလျှောက်ကြရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ အတွင်းရေးမှူး ဦးကျော်စိုးပိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်တို့၌ ကျင်းပသည့် အခြေခံအိမ်တွင်းမှုအထူးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲများ

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဒီဇင်ဘာ ၁၄ရက် နံနက် ၇နာရီတွင် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မော်ဧရာခန်းမ၌ကျင်းပသည့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မော်လမြိုင်ကျွန်းမြို့ အခြေခံအိမ်တွင်းမှုအထူးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ပထမဆုရ ဇီးပင်စုကျေးရွာမှ မဆွေဆွေမွန်၊ ဒုတိယဆုရ ဓနိချောင်းကျေးရွာမှ မမေရွက်ဝါ၊ တတိယဆုရ တယ်ချောင်းကျေးရွာမှ မရီရီဦးနှင့် ထူးချွန်ဆုရရှိသူများအား အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီက ချီးမြှင့်သည့် ဆုများကို ပေးအပ်ချီးမြှင့်သည်။ (ယာပုံ)

ပေးအပ်

ဆက်လက်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူ ကိုယ်စားလှယ်ထံ ပေးအပ်သည်။

အားပေးခဲ့

ယင်းနောက် ဝန်ကြီးသည် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးခဲ့သည်။

အမှာစကားပြောကြား

ထို့မှတစ်ဆင့် ဝန်ကြီးသည် နံနက် ၁၀ နာရီတွင် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ကျင်းပသည့် လပွတ္တာမြို့ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားသို့တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးသည် သင်တန်းတွင် ထူးချွန် ပထမဆုရ ဘီတွတ်ကျေးရွာမှ မနွယ်နီဝင်းနိုင်၊ ဒုတိယဆုရ ဗိုင်းထောင့်ချောင်းကျေးရွာမှ မဇင်မာ၊ တတိယဆုရ လပွတ္တာမြို့ အမှတ်(၁၀)ရပ်ကွက်မှ မယုယုလွင်တို့အား အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ကော်မတီက ချီးမြှင့်သည့်ဆုများကို ပေးအပ်ချီးမြှင့်ပြီး

သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် လပွတ္တာမြို့ သုံးမိုင်မြို့ ကွက်သစ်တည်ဆောက်ရေးလုပ်ငန်း၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံ တည်ဆောက်နေမှု၊ ကတ္တရာလမ်းဖောက်လုပ်နေမှု၊ စက်ယန္တရားကြီးများဖြင့် မြေသားလမ်းဖောက်လုပ်နေမှုနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ ဆောက်လုပ်ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် စည်ပင်သာယာရေး ဦးစီးဌာန ရုံးအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် အခြေခံလက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်းကျောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာဆိုတော်နေ့ အထိမ်းအမှတ် ဟသ်ာတ ပဲကြီးကျွန်း၌ စာပေဟောပြောပွဲ ကျင်းပ

ဟသ်ာတ ဒီဇင်ဘာ ၁၈

ဟသ်ာတမြို့နယ် ပဲကြီးကျွန်းကျေးရွာအုပ်စု ပဲကြီးကျွန်းကျေးရွာ၏ (၃၄) ကြိမ်မြောက် စာဆိုတော်နေ့ စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၈ရက် ည ၇နာရီက ပဲကြီးကျွန်းကျေးရွာ စာကြည့်တိုက်ရှေ့ရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားသို့ တိုင်းပညာရေးမှူး ဦးခင်မောင်ရီ၊ ဟသ်ာတခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်း၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ပတ်ဝန်းကျင် ကျေးရွာရှစ်ရွာမှ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။ ရှေးဦးစွာ စာဆိုတော်နေ့ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကုလားကြီးက စာဆိုတော်နေ့ ကျင်းပရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး စာဆိုတော်နေ့အထိမ်းအမှတ် ကဗျာ၊ ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းပညာရေးမှူး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြကာ စာကြည့်တိုက် ငွေပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဟောပြော

ဆက်လက်၍ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)နှင့် မောင်စိန်ဝင်း (ပုတီးကုန်း) တို့က စာပေရေးရာ ဟောပြောကြသည်။

(၁၇၇)

တိုက်နယ်ဆေးရုံ တည်ဆောက်ရေး ဇလုပ်ကျေးရွာ၌ အလှူငွေပေးအပ်

ပိန်းဇလုပ် ဒီဇင်ဘာ ၁၈

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် တောင်ကျွဲအင်းမြို့ ကိုယ့်အားကိုယ်ကိုး (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်ရေး ကော်မတီအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၉ရက် နံနက်ပိုင်းက ဇလုပ်ကျေးရွာအုပ်စုတွင် ကျင်းပသည်။

(အပေါ်ပုံ)

ရှေးဦးစွာ တောင်ကျွဲအင်းမြို့ တိုက်နယ်ဆေးရုံ တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ကြင်ဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးတို့က ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံ တည်ဆောက်နေမှုနှင့် ဘဏ္ဍာရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လက်ခံယူ

ထို့နောက် တောင်ကျွဲအင်းမြို့နှင့် တစ်ဆက်တည်း ဆက်စပ်လျက်ရှိသော ကျေးရွာများဖြစ်သည့် ဇလုပ်၊ သစ်ဖြူဆိပ်၊ ရွာသစ်၊ သဖန်းပင်၊ လှေဒုံး၊ ငတိုးခင်၊ သနပ်ကွင်း၊ နောင်ဘိုနှင့် လက်တက်ကြီး ကျေးရွာများမှ လှူဒါန်းငွေကျပ် သိန်း၂၀ကို အလှူငွေထည့်ဝင်လှူဒါန်းရာ ဆေးရုံတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။ တိုက်နယ်ဆေးရုံတည်ဆောက်ရာ၌ အလှူငွေ ပါဝင်လှူဒါန်းလိုပါက ရန်ကုန်မြို့ ဦးမောင်တင့် ဖုန်း-၀၉-၅၀-၀၃၅၉၈၊ တောင်ကျွဲအင်းမြို့ ဦးသန်းဝင်း ဖုန်း-၀၉-၆၃-၁၀၁၁၄၊ ဦးရဲဝင်းဆွေ ဖုန်း-၀၉-၆၃-၁၀၀၅၁နှင့် ဒေါက်တာကြင်ဝင်း ဖုန်း-၀၉-၆၃-၁၀၃၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(၀၆၅)

ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၈

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၄၉ကို ရန်ကုန်မီဒီယာဂရု(ပ်) ငါးနှစ်ပြည့် အမှတ်တရ အထူးထုတ်အဖြစ် ကဏ္ဍစုံစုံ၊ စာမျက်နှာများများဖြင့် ထုတ်ဝေဖြန့်ချိထားသည်။

Political Times အထူးအချပ်ပို အပါအဝင် ၂၀၀၉မှာ ဘာတွေဖြစ်ခဲ့သလဲ၊ ၂၀၁၀မှာ ဘာတွေဖြစ်လာမလဲ နိုင်ငံရေးသုံးသပ်ချက်များပါဝင်သည့် မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။ ၂၀၀၉ နှစ်ချုပ် အထူးကဏ္ဍတွင် ၂၀၀၉ အဖြစ်အပျက် ၂၀၁၀အတွက် မြန်မာ့စီးပွားရေးရှုမြင်ချက်၊ ၂၀၀၉ခုနှစ် ရွှေဈေးအမြင့်ဆုံးနှစ်ဖြစ်ခဲ့၊ ၂၀၀၉ခုနှစ် ကားဈေးကွက်အခြေအနေ၊ နယ်စပ်ကုန်သွယ်ရေးသုံးသပ်ချက်များ၊ ၂၀၀၉ခုနှစ်အတွင်း မိုးလေဝသ ဖြစ်စဉ်များ၊ ၂၀၀၉ခုနှစ်အတွင်း ပရိသတ်စိတ်ဝင်စားမှုအရှိဆုံး သတင်းများ၊ ၂၀၀၉ခုနှစ် ကျန်းမာရေးဆိုင်ရာ ဖြစ်စဉ်များ၊ ၂၀၀၉ခုနှစ်အတွင်း ကြွေလွင့်သူများ၊ ၂၀၀၉ခုနှစ် အနုပညာရပ်ဝန်း သုံးသပ်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့်တွေ့ဆုံခြင်း၊ မြန်မာ-တရုတ် သယ်ယူပို့ဆောင်ရေးတိုးမြှင့်ရန် မန္တလေး-မန်စီ တိုက်ရိုက်လေကြောင်း ပျံသန်းမည်၊ အိတ်ချ်အိုင်ဗွီကူးစက်ခံရသူဦးရေ အတိအကျ မခန့်မှန်းနိုင်သော်လည်း ဆေးကုသခံယူသူဦးရေ သိသာစွာတိုးလာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ လက်ကိုင်ဖုန်းဖက်ရှင်အကြောင်းအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။ ၂၀၀၉ နိုင်ငံတကာ ဆက်ဆံရေးနှင့် ၂၀၁၀ ပထဝီနိုင်ငံရေးအရွေ့ နိုင်ငံတကာရေးရာ နှစ်ချုပ်သုံးသပ်၊ ကျောက်ကပ်ဝေဒနာရှင်က ကုသပေးသော အင်န်ယူအိတ်ချ်ဆေးရုံကို တရားစွဲဆို၊ ကန်ပို့ကုန် တင်ပို့ခြင်းအားဖြင့် အလုပ်အကိုင်ဖန်တီးရေး အလေးထားဆောင်ရွက်မည်၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု အရှေ့တောင်အာရှတွင် အများဆုံး၊ လူအများကို ပြုစုစောင့်ရှောက်သော လုပ်ငန်းလုပ်ကိုင်သူများ အိမ်ထောင်ရေးပြိုကွဲရန် အမြင့်ဆုံးအန္တရာယ်ရှိ၊ ရောဂါပိုးကူးစက်စေလို၍ မိမိသွေးကို ဇနီးသည်ကိုယ်တွင်း အပ်နှင့်ထိုးသွင်းခဲ့သော အိတ်ချ်အိုင်ဗွီဝေဒနာရှင် ထောင် ၁၅နှစ်ကျ၊ ဗြိတိသျှကျောင်းသူ အသတ်ခံရမှု တရားခံများပေါ်ပြီ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းများ ဒသမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူသွားခဲ့ကြသော အသက်(၇၅)နှစ်နှင့်အထက် ဝန်ထမ်းဟောင်းကြီးများအား ဒသမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက် (စနေနေ့) နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ် (၃၈)ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံမည့် အသက်(၇၅)နှစ်နှင့်အထက် အငြိမ်းစားဝန်ထမ်းများ၊ ကန်တော့မည့် အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ပါရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

ယင်းအခမ်းအနားတွင် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးတင်မြင့် ဖုန်း- ၅၇ ၃၈၃၆၊ ဦးစံနီမောင် ဖုန်း-၅၂၆၄၅၅၊ ဦးမြသွင် ဖုန်း-၅၇၇၅၃၄နှင့် ဦးမြင့်သိန်း ဖုန်း- ၀၉-၅၁-၈၅၁၃၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟသ်ာတမြို့ သုံးပင်ကွင်းရပ် မြကွက်သစ်(၁)လမ်း ကတ္တရာလမ်းသစ် ခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ပြည်သူတို့ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးဌေးဝင်း တို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်မြတ်မွန်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လွတ်လပ်ရေးနေ့ အကြို ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဒီဇင်ဘာ ၁၇ရက် နံနက် ၁၀ နာရီက ဆိပ်ကမ်းမြို့နယ် အမှတ်(၁) တွင်(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူကြိုင်က စည်းကမ်းရှိမှ တိုးတက်မည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်မြို့ အမှတ်(၁)နှစ်ထပ်ဈေးသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကို ဒီဇင်ဘာ ၆ရက်က အမှတ်(၁) နှစ်ထပ်ဈေးသစ် မုခ်ဦးရှေ့၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်း၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ပြည်နယ်ညွှန်ကြားရေးမှူး ဦးအေးဆွေ၊ ဧရာဟသ်ာကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းရှိန်နှင့် မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာ ကောင်းမွန်ရေး တန့်ယန်းတွင် ဆောင်ရွက်

တန့်ယန်း ဒီဇင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့ပေါ်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် အမှိုက်များ ရှင်းလင်းဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်စိုး တို့က ကွင်းဆင်းကြီးကြပ်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တည်ငြိမ်အေးချမ်းမှုကို လိုလားသည်

ချစ်နိုင် (စိတ်ပညာ)

(၁)

“မည်သည့်အရာမဆို၊ မည်သူမဆို နေရာမှားလျှင် အညစ်အကြေး ဖြစ်သွားတတ်သည်မှာ နိယာမပင်ထင်ပါရဲ့ဟု အောက်မေ့မိသည်။ ဘဝတွင် နေရာမှန် နေတတ်ရန် အဘယ်မျှ အရေးကြီးကြောင်း နိုးနိုးကြားကြား သတိပြုမိစေလိုပါသည်။”

ဆရာအောင်သင်း

(ရှင်ဘုရင်ပါပဲနှင့် ရွေးပြည်တန်ဆောင်းပါးများစာအုပ်၊ စာ-၆၀)

အင်္ဂလိပ်ဝန်ကြီးချုပ် လော့ဒ်၊ ပေါလ်၊ မာစတန်ဆိုသူက တစ်ခါက ရေးဖူးခဲ့ပါသည်။ “အညစ်အကြေးဆိုသည်မှာ အညစ်အကြေးမဟုတ်။ နေရာမှားသော ပစ္စည်းသာဖြစ်၏”တဲ့။

ဤအကြောင်းကို ဆရာအောင်သင်းက ခေါင်းပေါ်မှာ အမြတ်တနိုးထားတဲ့ ဆံပင်ဟာ ဟင်းပန်းကန်ထဲရောက်သွားတော့ အော့ချင်အန်ချင်ပင် ဖြစ်ကြသည်။ ခေါင်းလိမ်းဆီပါးပေါ် ရောက်သွားတော့ ပေကုန်ပြီဆိုကာ အညစ်အကြေးအဖြစ် သုတ်ပစ်ကြသည်။ ပါးပေါ်မှာ လိမ်းတဲ့ပေါင်ဒါမှုန့် မှန်ပေါ်ကျတော့ အညစ်အကြေးအဖြစ် ဖုန်ခါပစ်ကြသည်။ နေရာမှားလို့ပါပဲဟု “မှတ်ထားတဲ့”အမည်ရှိ ဆောင်းပါးတစ်ပုဒ်တွင် သေချာစွာ ရှင်းပြဖူးပါ၏။ ကိုယ့်နေရာမှန်ကို ကိုယ်သိရမည်။ ကိုယ့်နေရာမှန်မှာ ကိုယ်ရှိရမည်။ လွဲမှားသောနေရာမှာ စွဲစွဲမြဲမြဲ လွဲလွဲ ချော်ချော် ရပ်တည်ငုတ်စိုက်နေခဲ့သည်ရှိသော် မိမိလည်း အကျိုးမရှိ။ ပတ်ဝန်းကျင်လည်း အကျိုးမရှိ။ လောကကိုလည်း အရုပ်ဆိုးအကျည်းတန်စေပါ၏။

အပြာဘက်မှာ ပါဝင်မလား။ လာပါ။

အဖျက်ဘက်မှာ နေမလား။ အားလုံးကို စိတ်ဆင်းရဲစေပါလိမ့်မည်။ ဘာကြောင့် အကောင်းဘက်သို့ မရပ်တည်နိုင်ရမည်နည်း၊ ပစ္စုပ္ပန်သည် အချိန်မနှောင်းသေးပါ။

(၂)

“ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ချမ်းသာသုခသည် လူ့အဖွဲ့အစည်း၏ ချမ်းသာသုခနှင့် ယှဉ်တွဲနေသည်။ လူ့အဖွဲ့အစည်းငြိမ်းချမ်းသာယာမှ လူတစ်ယောက်၏ ဘဝလည်း ငြိမ်းချမ်းသာယာမှုရှိလိမ့်မည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်၊ မိမိလူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာအောင်လုပ်ရန်မှာ လူတိုင်း၏ တာဝန်ဝတ္တရားဖြစ်သည်။”

ဆရာကြီး ပါရဂူ

(ဂျပန်စာအုပ်၊ စာ-၁၂၇)

ရေတွင်းထဲမှ ဖားသူငယ်သည် ရေတွင်းပေါင်ကို အနားသတ်ထားသလောက်သာ ကောင်းကင်ကြီးအား သူမြင်တွေ့ရ၏။ မြင်ရသလောက်ကိုပင် အကျယ်ကြီးဟု သူအထင်ရောက်ခဲ့ရှာ၏။ အချိန်ကာလအတော်ကြာ၍ ရေတွင်းပေါင်ပေါ်သို့ ရောက်ရှိလာသည့်အခါတွင် ကောင်းကင်ကြီးသည် သူထင်မှတ်ခဲ့သော ရေတွင်းထဲတုန်းက အမြင်ထက် အဆပေါင်းများစွာ ကျယ်ပြန့်လှသည်ကို တွေ့ရှိရလေ၏။

အကန့်အသတ်များမရှိလျှင် ကျယ်ဝန်းသည်။

သဘာဝမကျသော လိုလားချက်တွေ၊ တောင်းဆိုမှုတွေကို တရားသေဆုပ်ကိုင်မနေမိဖို့ လိုပါသည်။ မဖြစ်နိုင်သော အတိတ်ကို ပြန်လည်ပြီး ကုက္ကုစ္စဖြစ်မနေဖို့ လိုပါသည်။ အတိတ်သည် ကုန်ဆုံးလွန်မြောက်ခဲ့ပြီ။ ပစ္စုပ္ပန်ကို တည့်တည့်ကြည့်ရှုရမည်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပကတိ အခြေအနေသည် ပစ္စုပ္ပန်တည့်တည့်မှာရှိနေသည်။ အနာဂတ်ကို ပစ္စုပ္ပန်အခြေအနေ မှန်ပေါ်မူတည်ပြီးသာ ဆက်လက် တည်ဆောက်ယူနိုင်သည်။ စိတ်ကူးယဉ်နေ၍ လက်တွေ့မကျ။ လေထဲမှာ တိုက်အိမ်ဆောက်ချင်၍မရ။

စစ်အေးလွန်ခေတ်မှာ သင်္ကေတတစ်ခု ပေါ်ထွက်လာသည်။ ယင်းမှာ အင်တာနက်ဝက်ဘ်ဆိုက်ဖြစ်သည်။ ဝက်ဘ်ဆိုက်ကြီးရှိလာသည်က ဘာကို ဖော်ပြနေသနည်း။

မိမိတို့ ဘာတွေ ကွဲလွဲသလဲဟူသော အခြင်းအရာများကို အာရုံစူးစိုက်ပြီး သဲသဲမဲမဲ ငြင်းခုန်ဝေဖန်နေမည်ထက် မိမိတို့ ဘာတွေ တူညီကြသနည်းဟူသော “ဘုံရပ်တည်ချက်များ”ကို မရမနေရှာဖွေပြီး လက်တွဲဆောင်ရွက်နေကြသော ခေတ်ဖြစ်ပေသည်။ ထိုစဉ်းစားနည်းကို အသုံးချပြီး သိသာစွာ တိုးတက်အောင်မြင်နေကြသော သာဓကတွေ ဖော်ပြစရာ မကုန်နိုင်အောင် ရှိလေသည်။ အများသိကြသည်။

သဘောထား ကျဉ်းမြောင်းသည်နှင့်အမျှ ထိုသူအတွက် နေရာကျဉ်းကျပ်သွားမှာဖြစ်၏။ သဘောထားသေးသိမ်သည်နှင့်အမျှ ထိုလူအတွက် တစ်စတစ်စ ပါးလျနိမ့်ပါးသွားလိမ့်မည်သာဖြစ်၏။ ပုဂ္ဂိုလ်သူငါ မခွဲပါ။

လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာအောင် ပါဝင်ဆောင်ရွက်မည့်အစား ပျက်ချင်ပျက်၊ ဖျက်ကိုဖျက်ရလိမ့်မည်။ မိမိဖြစ်ချင်သည့် ဆန္ဒမရလျှင် အဖျက်စိတ်ကို မပစ်ပယ်နိုင်ဟု မီးစတစ်ဖက် ရေမှုတ်တစ်ဖက် လုပ်နေလျှင် မဖြစ်နိုင်။ မီးကိုကိုင်သူ ပူလိမ့်မည်။ ဆက်ကိုင်လျှင် လောင်လိမ့်မည်။

ယုံကြည်မှုကို ဘာကြောင့် မတည်ဆောက်ချင်ရမည်နည်း။ ယုံကြည်မှုရအောင် ရိုးသားရပါလိမ့်မည်။ မရိုးမသားပြုမူလျှင် တစ်ဖက်သားက မသိဘဲတော့မနေ။ မစိမ်းကား မပစ်ပယ်လို၍သာ စိတ်ရှည်သည်းခံပြီး မိဘက သားသမီးအပေါ်ထားသည့် မေတ္တာစိတ်မျိုးဖြင့် ခွင့်လွှတ်နေခြင်း ဖြစ်ပေလိမ့်မည်။ အဟန့်အတားတွေ အနှောင့်အယှက်တွေကြောင့် မည်မျှနိမ့်ကျ ဆုံးရှုံးနစ်နာခဲ့ရပြီနည်း။ အတိတ်ကိုလှန်ပြီး နှောင်တမရချင်တော့သဖြင့် နာစရာတွေကို လွမ်းစရာဖြင့် သင်ပုန်းချေထားခဲ့ပြီလေ။ ထားတော့။

ရိုးသားမှုဟူသည် သီလတရားတစ်ခုပါ။

သီလက မပေးနိုင်သော အရာပစ္စည်းသည် မရှိ။

မေတ္တာထက် ပိုမိုထက်မြက်သော လက်နက်သည် မရှိ။

သီလ၏ရနံ့သည် စကြဝဠာတံတိုင်း၏ အပြင်ဘက်အထိ မွှေးကြိုင်သင်းပျံ့၏။ သီလ၏ တန်ခိုးသည် တန်ခိုးတို့၏ အစလည်း ဖြစ်၏။ သီလ၏ အကျိုးသည် ဖော်ပြရေးသား၍ မကုန်နိုင်အောင် များပြားလှ၏။

လူမျိုးတိုင်း၊ ဘာသာတိုင်း၊ ဓလေ့ထုံးစံတိုင်း၌ အကျင့်သီလ ထားရမြဲဖြစ်၏။ ယဉ်ကျေးမှုဓလေ့ကိုလည်းကောင်း၊ ဥပဒေကိုလည်းကောင်း၊ သီလတရားကိုလည်းကောင်း တန်ဖိုးထား လိုက်နာကျင့်သုံးရကောင်း မှန်းမသိလျှင် ဘယ်သူမပြု မိမိမှု ဆင်းရဲ ပူလောင်ရဖွယ်သာရှိဦးမည်။

မရိုးမသား ပြုမိမှားခြင်းမျိုးကို တစ်ကြိမ်လည်း သည်းခံသည်။ နှစ်ကြိမ်လည်း ခွင့်လွှတ်ခဲ့ပြီးပြီ။ အကယ်၍ အကြိမ်ကြိမ် ချိုးဖောက်လာလျှင်ကား ဓမ္မတရားသည် မနေတန်ရာ။ ဓမ္မောဟဝေရက္ခတိ ဓမ္မစာရီ၊ တရားကို စောင့်သောသူကိုသာလျှင် တရားက စောင့်ပေလိမ့်မည်။ အကြင်သူသည် တရားကို မစောင့်ငြားအံ့။ တရားကလည်း ထိုသူကို အစဉ်ခပ်သိမ်း စောင့်ရှောက်နိုင်မည် မဟုတ်ပေ။

မိမိ ငြိမ်းချမ်းသာယာလိုပါက နိုင်ငံနှင့် လူမျိုးကိုလည်း ငြိမ်းချမ်းသာယာအောင် ပါဝင်ဆောင်ရွက်ရပေမည်။

မငြိမ်းချမ်းအောင်၊ မသာယာအောင်၊ မဖွံ့ဖြိုးမတိုးတက်အောင် ငါတားမြစ်နိုင်သည်၊ ငါပိတ်ပင်နိုင်သည်ဟု အကယ်၍ ထင်မှတ်နေလျှင် တက်တက်စင် လွဲပေတော့မည်။ နိုင်ငံသူ နိုင်ငံသား ပြည်သူအများ၏ နိုင်ငံတကာနှင့်ယှဉ်၍ ဖွံ့ဖြိုးတိုးတက်ချင်သော စိတ်ဆန္ဒကို ဘယ်သူမှ တားဆီးပိတ်ပင်ချင်၍ မရနိုင်ပါ။ ခါးတောင်းများကိုကျော်၍ မီးပင်လယ်ကိုပင် ဖြတ်နိုင်စွမ်းရှိကြပါသည်။

ပြည်သူ့စွမ်းအားကို တားဆီးပိတ်ပင်ခြင်း၏ ဆိုးကျိုးအပြစ်ကို မည်သူတစ်စုံတစ်ယောက်ကိုမှ မခံစားရစေချင်ပါ။ အသိနှင့်ယှဉ်၍ သတိနှင့် ဆင်ခြင်နိုင်ကြလျှင် အကောင်းဆုံးဖြစ်ပါသည်။ သတ္တဝါဝေနေယျအား မည်သူ့ကိုမှ မမုန်း၊ မည်သူမှ မပျက်စီးစေလိုပါ။

လောကဟိတပါမှ အတ္တဟိတ အရာရောက်မည်။

လောကကို ဖျက်ဆီးပြီး အတ္တစီးပွားကို တည်ဆောက်ထူထောင်၍ ရမည်ထင်နေလျှင် အယူလွဲခြင်းသာ။ ထိုသူ၏ ပန်းတိုင်သည် နေပူကျဲသော် ရေခဲတုံးပျော်သကဲ့သို့ အချိန်နှင့်အမျှ ကွယ်ပျောက်သွားလိမ့်မည်သာ။ ရွှေခေတ်ကြီးကို ထူထောင်ချင်ကြသည်။ အိပ်မက် မက်ကြသည်။ လူအများကောင်းစားရေးကို ချေဖျက်လျက် မိမိအုပ်စု၊ မိမိ တစ်ပါတီ၊ မိမိအဖွဲ့တစ်ဖွဲ့ ကောင်းစားဖို့သာလျှင် ရည်ရွယ်ပြီး ရိုးသားမှုရှိရှိ၊ မရှိရှိ၊ သီလတရားနှင့် ညီညီမညီညီ၊ ငါတကော ကောနေမည်ဆိုလျှင်ကား အဘယ်မှာလျှင် လောကကို အလှဆင်နိုင်ပါမည်နည်း။

(၃)

လူငယ်များအား အမွေပေးအပ်ရာတွင် ပညာအမွေသက်သက်ဖြင့် မလုံလောက်၊ ကျွန်တော်တို့သည် ကျွန်တော်တို့၏ သားသမီးများအား စာရိတ္တအမွေ၊ ရိုးသားဖြောင့်မတ်သော လူငယ်တစ်ယောက်ဖြစ်ရေး၊ စိတ်ကောင်း နှလုံးကောင်းရှိသော လူငယ်တစ်ယောက်ဖြစ်အောင် ပျိုးထောင်ခဲ့ကြရမည်ဖြစ်သည်။

ဆရာချစ်စံဝင်း

(ကောင်းမွေဆိုးမွေစာအုပ်၊ စာ-၁၀၇)

ကျွန်ုပ်တို့သည် မဟာဗျူဟာ အင်အားကြီးနိုင်ငံနှစ်ခု၏ကြားမှာ တည်ရှိနေရသည်။ အကျယ်အဝန်းအားဖြင့် မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်မှာ နိုင်ငံပေါင်း ၂၀၀ အနက် အရွယ်အစားအဆင့် ၅၀ လောက်ရှိသည်ဆိုပါ၏။ နိုင်ငံငယ်တစ်ခုတော့ မဟုတ်ပါ။ အင်္ဂလန်တို့၊ ဂျပန်တို့သည်ပင် မြန်မာနိုင်ငံ ထက်ဝက်လောက်သာ ရှိကြပါသည်။ ပြင်သစ်တို့၊ ဂျာမနီတို့သည်လည်း မိမိတို့ထက် သေးငယ်ကြသည်သာ။

မြန်မာပြည်၏ မြေအနေအထား အရွယ်အစားအရ လူဦးရေသန်း တစ်ရာကျော်လည်း ပြဿနာမရှိပါ။ မြောက်ဘက်က လူဦးရေ သန်း ၁၀၀၀ကျော်၊ အနောက်ဘက်မှာ လူဦးရေ သန်း၁၀၀၀ ကျော်၊ နိုင်ငံကြီးများနှင့် နှိုင်းယှဉ်လျှင် လက်ရှိနိုင်ငံသား နိုင်ငံသူဦးရေသည် နည်းပါးနေပါသေးသည်။ သူတို့၏ ရေတပ်၊ လေတပ်၊ အဏုမြူစွမ်းအားပိုင်ဆိုင်မှု စစ်အင်အားတွေနှင့် ယှဉ်လိုက်လျှင် မိမိတို့နိုင်ငံ၏ စစ်ရေးစွမ်းအားသည် ဆင်နှင့် ဆိတ်ပမာရှိနေသည်မှာ ဖော်ပြနေစရာ မလိုတော့ပါ။ သတ္တိရှိသော လူမျိုးမို့သာ ယခုလိုတည်တံ့ရှင်သန် ရပ်တည်နိုင်ခြင်းပါ။

မြန်မာနိုင်ငံ မြန်မာလူမျိုးဟု ရာစုနှစ်ပေါင်းများစွာ တိုင်းပြည်ထူထောင် နေထိုင်လာခဲ့ကြသည့် ကျွန်ုပ်တို့ ဘိုးဘေးတို့သည် မျိုးရိုးအားဖြင့် မညံ့ခဲ့ကြပါ။ တို့ခေတ်ကျမှ ညံ့ကြတော့မှာလားဟု တို့ဗမာသီချင်းထဲက စာသားကို ရွတ်ဆိုကြည့်စေလိုပါသည်။ အရှေ့က နေဝန်းထွက်သည့်ပမာသို့ တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါဟု အားတက်စရာတွေ ရှိပါ၏။

ဆရာလူထုစိန်ဝင်းက သရုပ်ပါမဂ္ဂဇင်းတွင် “ကိုယ့်အိမ်ကိုယ့်ရာသာ အကောင်းဆုံး”ဟု ရေးသားဖူးပါသည်။ ဆရာက “မျိုးချစ်စိတ်ဆိုတာမျိုးက ပါးစပ်နဲ့ ဟောပြောရုံနဲ့ အလိုလို မျိုးချစ်ပုဂ္ဂိုလ်တွေဖြစ်သွားတာ မဟုတ်ဘူး။ ဘာတွေ ချစ်စရာကောင်းတာလဲ၊ ဘယ်လိုချစ်စရာကောင်းတာလဲဆိုတာသိမှ ချစ်မှာပေါ့။ မသိမမြင်ရရင် မချစ်နိုင်ဘူး။ ဒါ သဘာဝပဲ။ ခရီးသွားခြင်းက ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအကြောင်း နှံ့နှံ့စပ်စပ် သိနိုင်တယ်။ မြန်မာ့တောတောင်ရေမြေသဘာဝတွေ၊ မြန်မာလူမျိုးများရဲ့ ပင်ကိုစရိုက်တွေကို ပါးစပ်နဲ့ ဟောပြောနေတာထက် လက်တွေ့ သွားကြည့်ခိုင်းလိုက်တာက ပိုပြီး ထိရောက်တယ်”ဟု ဆိုပါ၏။

“မြန်မာနိုင်ငံရဲ့ တောတောင်ရေမြေသဘာဝတွေ ဘယ်လောက်လှပြီး သယံဇာတတွေ ဘယ်လောက် ကြွယ်ဝတယ်ဆိုတာတွေ ကိုယ်တိုင်မျက်ဝါးထင်ထင် မြင်တွေ့နိုင်တယ်။ မြန်မာလူမျိုးများရဲ့

ဘက်စုံထောင့်စုံမှ အမျိုးသားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြိုလဲအောင် တိုးဝှေ့ထိပါးလာသမျှ အန္တရာယ်ရန်စွယ် အသွယ်သွယ်တို့ကို အမြော်အမြင် ကြီးမားသော နိုင်ငံ့ခေါင်းဆောင်တို့က ခေတ်အဆက်ဆက် မယိမ်းမယိုင် ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ကြ။ ၂၀၁၀ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ပိုမိုခိုင်မာစွာ တည်ဆောက်ပြီး လူငယ်များသို့ အမွေပေးသွားနိုင်ပါတော့မည်။

မငြိမ်းချမ်းအောင်၊ မသာယာအောင်၊ မဖွံ့ဖြိုးမတိုးတက်အောင် ငါတားမြစ်နိုင်သည်၊ ငါပိတ်ပင်နိုင်သည်ဟု အကယ်၍ ထင်မှတ်နေလျှင် တက်တက်စင် လွဲပေတော့မည်။ နိုင်ငံသူ နိုင်ငံသား ပြည်သူအများ၏ နိုင်ငံတကာနှင့်ယှဉ်၍ ဖွံ့ဖြိုးတိုးတက်ချင်သော စိတ်ဆန္ဒကို ဘယ်သူမှ တားဆီး ပိတ်ပင်ချင်၍ မရနိုင်ပါ။ ဓားတောင်များကိုကျော်၍ မီးပင်လယ်ကိုပင် ဖြတ်နိုင်စွမ်းရှိကြ။

ပြည်သူ့စွမ်းအားကို တားဆီးပိတ်ပင်ခြင်း၏ ဆိုးကျိုးအပြစ်ကို မည်သူတစ်စုံတစ်ယောက်ကိုမှ မခံစားရစေချင်ပါ။ အသိနှင့်ယှဉ်၍ သတိနှင့် ဆင်ခြင်နိုင်ကြလျှင် အကောင်းဆုံးဖြစ်။ သတ္တဝါ ဝေနေယျအား မည်သူ့ကိုမှ မမုန်း၊ မည်သူမှ မပျက်စီးစေလိုပါ။

ကူညီရိုင်းပင်းတတ်တဲ့စိတ်နဲ့ ထက်သန်လှတဲ့ စေတနာမေတ္တာတွေအကြောင်း သိနိုင်တယ်။

ကမ္ဘာပေါ်မှာရှိတဲ့ မြို့ကြီးပြကြီးတွေမှာ နေ့စဉ်မြင်တွေ့နေရတဲ့ ဟန်ဆောင် ယဉ်ကျေးမှုတွေနဲ့ ဘယ်လို ကွာခြားတယ်ဆိုတာလဲ ကိုယ်တိုင်ခံစား သိရှိနိုင်တယ်''ဟူ၍ ဆရာက ရေးသားထား၏။

''မြန်မာလူမျိုးဟာ ဉာဏ်ရည်ဉာဏ်သွေး အင်မတန်ထက်မြက်တဲ့ လူမျိုးဖြစ်တယ်။ ကြံရည်ဖန်ရည် အင်မတန်ကောင်းပါတယ်။ ဒီခေတ် လူငယ်တွေလည်း မညံ့ဘူး တော်ကြတယ်''ဟု ဆရာက ဖော်ပြထားပါ၏။

ကျွန်ုပ်တို့၏ တာဝန်မှာ မိမိတို့ အသက် ၆၀-၇၀အရွယ်တွေ ကောင်းစားဖို့ တွေးတောနေရမည့် အလုပ်မဟုတ်။ သားသမီးမြေးမြစ်တို့၏ခေတ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အခြေခံကောင်းများ အုတ်မြစ်ချပြီး ကောင်းစွာ တည်ဆောက်ပေးကြဖို့သာ အဓိကတာဝန်ရှိကြပါ၏။ မိမိတို့ အနစ်နာခံပြီး ထမ်းဆောင်ခဲ့သည်။ ပေးဆပ်ခဲ့သည်။ စိတ်ရှည်ခဲ့ကြရသည်။ သည်းခံခဲ့ကြသည်။ အချင်းချင်း ခွင့်လွှတ်ခဲ့ကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးကို ဘယ်ခေတ်နှင့်မှ မတူအောင် ခိုင်မာမြဲမြံလှစွာ အမွေပေးနိုင်ကြပြီ။

ဘက်စုံထောင့်စုံမှ အမျိုးသားလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြိုလဲအောင် တိုးဝှေ့ထိပါးလာသမျှ အန္တရာယ်ရန်စွယ်အသွယ်သွယ်တို့ကို အမြော်အမြင်ကြီးမားသော နိုင်ငံ့ခေါင်းဆောင်တို့က ခေတ်အဆက်ဆက် မယိမ်းမယိုင် ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ကြသည်။ ၂၀၁၀ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်အညီ ပိုမို ခိုင်မာစွာ တည်ဆောက်ပြီး လူငယ်များသို့ အမွေပေးသွားနိုင်ပါတော့မည်။

လူငယ်များအား ရိုးသားဖြောင့်မတ်မှုအမွေကိုလည်း ပေးဖို့လိုသေးသည်။ အကျင့်စာရိတ္တဖြူစင်ပြီး စိတ်ကောင်းနှလုံးကောင်းရှိခြင်း အမွေတို့ကိုလည်း ပေးရစ်ခဲ့ဖို့ လိုလိမ့်မည်။ ကောက်ကျစ်ညစ်ပတ်၊ အုပ်စုဖွဲ့၊ ခွက်စောင်းခုတ်၊ ဟုတ်တာရော၊ မဟုတ်တာရော သားပုပ်လေလွင့် အပုပ်ချ၊ အချင်းချင်း ရှုတ်ချ၊ ကဲ့ရဲ့၊ အကျိုးမဲ့ အချည်းနှီးနိမ့်ကျသော စိတ်ထားမျိုးတွေ ဖယ်ရှားသင့်သည်။

ရိုးသားခြင်းကို စံနမူနာပြု၍ ပျိုးထောင်ပေးကြရအောင်ပါ။ ရေမှုတ်တစ်ဖက် မီးစတစ်ဖက်ဖြင့် မရိုးမသား အကျပ်ကိုင်လိုသည့် အကျင့်တွေ လာလုပ်မနေနှင့် နှင်ထုတ် ပယ်ပစ်သင့်ပါလေပြီ။ အနာဂတ်ကို သာယာလှပအောင် အတူတကွ လက်တွဲဆောင်ရွက်ကြလျှင် မကောင်းပါလား။ ။

ပေါင်းလောင်း ဘက်စုံရေလှောင်တမံကြီး

သတင်းခရီးသည် - မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း(မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၁၈

နေပြည်တော်ပျဉ်းမနားအနီးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးရုံမက လျှပ်စစ်ဓာတ်အားပါ ထုတ်ယူနိုင်သော ပေါင်းလောင်းဘက်စုံရေလှောင်တမံကြီးကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်က တောင်သူလယ်သမားများ၏ လူမှုစီးပွားကို မြှင့်တင်ပေးနိုင်ရန်အလို့ငှာ ဆည်၊တမံများ နိုင်ငံတော်တစ်နံ၊တစ်လျား တည်ဆောက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေး၏ အသက်သွေးကြောသည် စိုက်ပျိုးရေပင်ဖြစ်သည်။ ထိုရေကို မိုးကာလ မိုးရွာ၍ဖြစ်စေ၊ မြစ်ချောင်း အင်းအိုင်များမှဖြစ်စေ၊ ဆည်မြောင်းတမံများမှဖြစ်စေ ရယူသုံးစွဲနိုင်မည်ဖြစ်သည်။ အဓိက အရေးကြီးသည်မှာ မိုးကာလရွာသွန်းသောမိုးရေများ အလဟဿမဖြစ်စေရန်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ဆည်၊ တမံများ တည်ဆောက်ပေးခြင်းသည် နိုင်ငံတော်၏ စီးပွားရေးကို တိုးတက်ခိုင်မာလာရုံသာမက ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားမှာလည်း တိုးတက်ပြောင်းလဲလာလျက်ရှိပေသည်။



''ဒီပေါင်းလောင်း ဘက်စုံရေလှောင်တမံကြီးဟာ ဘက်စုံအကျိုးပြုမယ့် ဆည်ကြီးဖြစ်ပါတယ်။''

ဦးလှရွှေ
လက်ထောက်ညွှန်ကြားရေးမှူး(၁)
တည်ဆောက်ရေး (၅)ဆည်မြောင်းဦးစီးဌာန။

စိုက်ပျိုးနိုင်

တစ်နည်းဖြင့်ဆိုရသော် ဆည်၊ တမံများ တည်ဆောက်ပေးခြင်းကြောင့် ကျေးလက်ဒေသနေ တောင်သူလယ်သမားများသည် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားစိုက်ပျိုးလာကြသည်။ သီးထပ်၊ သီးညှပ်အဖြစ်လည်း စိုက်ပျိုးလာနိုင်ကြသည်။ မိုးစပါးသာမက နွေစပါးကိုလည်း စိုက်ပျိုးနိုင်ကြပြီ။ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်း အစရှိသဖြင့် ဒေသစားသုံးဆီ ဖူလုံရေးအတွက်လည်း ကြိုးပမ်းနိုင်ကြပြီ။ ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် ချည်မျှင်ရှည်ဝါကိုလည်း တိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်သည်။ စားဖိုဆောင်သီးနှံ ငရုတ်၊ ကြက်သွန်၊ ဘူး၊ ဖရုံ၊ သခွား၊ နံနံ၊စမြိတ်ပါမကျန် စိုက်ပျိုးနိုင်ပြီဖြစ်သည်။ ဤသို့ စိုက်ပျိုးနိုင်ခြင်းမှာ နိုင်ငံတော်က ဆည်၊ တမံများ တည်ဆောက်ပေးခဲ့သည့် ကျေးဇူးကြောင့်ပင် ဖြစ်သည်။

မြန်မာ့အလင်းသတင်းခရီးသည်အဖွဲ့သည် မကြာမီက နေပြည်တော် ပျဉ်းမနား အရှေ့ဘက် ၁၀မိုင်ခန့် အကွာတွင် တည်ရှိသော ပေါင်းလောင်း ဘက်စုံရေလှောင်တမံကြီးသို့ သွားရောက်လေ့လာခဲ့ကြသည်။ ဤဘက်စုံရေလှောင်တမံကြီး တည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး(၁) ဦးလှရွှေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ပေါင်းလောင်းရေလွှဲဆည်ရှိ လက်ယာသဲထုတ်ရေတံခါးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တည်ဆောက်ဖွင့်လှစ်

''ကျွန်တော်တို့ ဒီပေါင်းလောင်းရေလှောင်တမံဘက်စုံ စီမံကိန်းကို ဆောင်ရွက်ခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲဖို့နဲ့ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ရေကို ဖြန့်ဝေ ပေးနိုင်ဖို့ဖြစ်ပါတယ်။ ယခုအခါမှာတော့ ပေါင်းလောင်းရေလှောင်တမံကြီးနဲ့ ပေါင်းလောင်းရေလွှဲဆည်ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်တဲ့အပြင် ဆည်ရေသောက်စနစ်တူးမြောင်းများကိုပါ ဆက်လက်တည်ဆောက်ပေးလျက်ရှိပါတယ်။ ဆည်ရေသောက်စနစ်တူးမြောင်းများ တည်ဆောက်မှုမှာ ၂၅ရာခိုင်နှုန်း ပြီးစီးနေပေပြီ။ ၂၀၁၁ - ၂၀၁၂ ခုနှစ်မှာ စီမံကိန်းလုပ်ငန်းအားလုံးပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီဆည်ရေသောက်စနစ်ပြီးပါက နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနဲ့ ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွေမှာရှိတဲ့ တောင်သူတွေအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်။ လယ်မြေဧက ၃၅၀၀၀ကို စိုက်ပျိုးရေ ဖြန့်ဝေပေး နိုင်မှာဖြစ်ပါတယ်''ဟု ဦးလှရွှေက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဖွင့်လှစ်နိုင်

ပေါင်းလောင်းဘက်စုံ ရေလှောင်တမံကြီးကို ၁၉၉၈-၁၉၉၉ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ပြီးစီးခဲ့၍ ၂၀၀၅ခုနှစ်မတ် ၂၅ရက်၌ ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။ ယင်းရေလှောင်တမံကြီးသည် နေပြည်တော်ပျဉ်းမနား အရှေ့ဘက် ၁၀မိုင်ခန့်အကွာ ကျည်တောင်-ခေါမရွာ အနီးပေါင်းလောင်းမြစ်ပေါ်၌ တည်ရှိသည်။ ပေါင်းလောင်း ဘက်စုံရေလှောင်တမံ၏ ရေဆင်း စတုရန်းမိုင်မှာ ၁၇၀၀ဖြစ်သည်။ တမံ အမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်သည်။ တမံအမြင့် ပေ ၄၃၀ရှိပြီး တမံအလျား ၃၁၀၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ပေ၅၄၉၄၂၀ ဖြစ်သည်။ ပေါင်းလောင်း ဘက်စုံ ရေလှောင်တမံ၏ ရေပိုလွှဲ အမျိုးအစားမှာ သံကူကွန်ကရစ် (အိုဂီးပုံ) ဖြစ်ပြီး ရေပိုလွှဲ အကျယ် ပေ၄၁၀ ရှိသည်။

အဆိုပါ ပေါင်းလောင်းဘက်စုံ ရေလှောင်တမံကြီးတွင် စက်တစ်လုံးလျှင် မဂ္ဂါဝပ် ၇၀ ထုတ်လုပ်နိုင်သည့် စက်လေးလုံး တပ်ဆင်ထားသည်။ ယင်းရေအားလျှပ်စစ်လေးလုံးမှ နှစ်စဉ် ပျမ်းမျှထုတ်လုပ်နိုင်သည့် ဓာတ်အား ပမာဏမှာ ၉၁၁ကီလိုဝပ်နာရီသန်းပေါင်းဖြစ်သည်။ ယခုအခါ ပေါင်းလောင်းဘက်စုံ ရေလှောင်တမံကြီးမှ လျှပ်စစ်ဓာတ်အားများ ထုတ်ယူနိုင်ပြီဖြစ်သည်။

ထိုသို့လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် စီးဆင်းသွားသော ရေများ အလဟဿ မဖြစ်စေရန်အတွက် ပေါင်းလောင်း ရေလွှဲဆည်ကိုလည်း ရေလှောင်တမံ၏ အောက်ဘက် ၁၀မိုင်ခန့်အကွာ သစ်ဆိပ်ပင်ကျေးရွာအနီး၌ တည်ဆောက်ပြီး ၂၀၀၉ခုနှစ် မတ်လအတွင်းက ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

သံကူကွန်ကရစ်

အဆိုပါ ပေါင်းလောင်းရေလွှဲဆည်၏တမံအလျားမှာပေ၇၅၀ရှိပြီးသံကူကွန်ကရစ်တမံအမျိုးအစားဖြစ်သည်။ ယင်းရေလွှဲဆည်မှ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့်ပဲခူးတိုင်း ရေတာရှည်တို့ရှိ လယ်မြေဧက ၃၅၀၀၀ကို နှစ်စဉ် စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ ယခုအခါ ယင်းရေလွှဲဆည်၏ အောက်ဘက်တွင် ဆည်ရေသောက်စနစ်ဖြစ်သည့် တူးမြောင်းများ ဆက်လက်တည်ဆောက်နေသည်။ လက်ယာတူးမြောင်းနှင့် လက်ဝဲတူးမြောင်းဟူ၍ နှစ်ခုပါရှိမည်ဖြစ်ပြီး တူးမြောင်းတစ်ခုစီ၏ အရှည်မှာ ၂၉မိုင်ကျော်စီရှိကြောင်းသိရသည်။ယင်းတူးမြောင်းမကြီးနှင့်အတူ လက်တံ တူးမြောင်းများကိုလည်း တည်ဆောက်ပေးလျက်ရှိရာ ၂၅ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်သည်။ ယင်းတူးမြောင်းများ အကောင်အထည်ဖော် တည်ဆောက်ခြင်းကို ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ပြီးစီးရန် ခန့်မှန်းထားကြောင်း သိရသည်။

ပေါင်းလောင်းရေလှောင်တမံရှိ ရေပိုလွှဲကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

လယ်ယာစီးပွား

သို့ပါ၍ ပေါင်းလောင်းဘက်စုံ ရေလှောင်တမံကြီးကို နိုင်ငံတော်က အောင်မြင်စွာတည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်၍ ဒေသနေပြည်သူများ လယ်ယာစီးပွားမှတစ်ဆင့် လူမှုစီးပွားဘဝ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်းကို ကွင်းဆင်းရေးသား တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပေါင်းလောင်းဘက်စုံ ရေလှောင်တမံကြီးကို ဤသို့ တောင်တန်းများဖြင့် သာယာလှပစွာ တွေ့ရသည်။ (မြန်မာ့အလင်း)



ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဆယ်စုနှစ် အကောင်းဆုံးအားကစားသမား တိုက်ဂါးဝုဒ်

မောင်မောင်မြင့်ဆွေ- စုစည်းရေးသား၍ လှိုင်လှိုင်သင်း(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

ဝါရှင်တန် ဒီဇင်ဘာ ၁၈

နှစ်တစ်နှစ်ကုန်ဆုံးချိန်ရောက်တိုင်း တစ်နှစ်တာ အကောင်းဆုံးအားကစားသမားဆုတွေ ရွေးချယ်ချီးမြှင့်ကြသလို ဆယ်နှစ်တာကာလအတွင်းမှာလည်း ဆယ်စုနှစ်အကောင်းဆုံး အားကစားသမားဆုတွေ ရွေးချယ်ပေးကြလျက်ရှိပါတယ်။ အဲဒီလို ဆုတွေရွေးချယ်ပေးကြတဲ့အခါ အေပီသတင်းဌာနက ရွေးချယ်တဲ့ ဆယ်စုနှစ်အကောင်းဆုံးအားကစားသမား ဆုကတော့ တိုက်ဂါးဝုဒ်ကို ရွေးချယ်လိုက်ကြောင်း ဒီဇင်ဘာ ၁၈ရက်မှာ သတင်းထုတ်ပြန်လိုက်ပါတယ်။

ရွေးချယ်

ကမ္ဘာ့ဂေါက်သီးရိုက် အကျော်အမော်တိုက်ဂါးဝုဒ်ဟာ မကြာမီကပဲ ပီဂျီအေရဲ့ အမေရိကန် တစ်နှစ်တာ အကောင်းဆုံး အားကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရတဲ့သူလည်း ဖြစ်ပါတယ်။ အခုလိုအေပီသတင်းဌာနက ရွေးချယ်တဲ့ ဆယ်စုနှစ်အကောင်းဆုံး အားကစားသမားဆုကတော့ တိုက်ဂါးဝုဒ်အတွက် ပထမဆုံးအကြိမ် ရွေးချယ်ခံရခြင်းပဲ ဖြစ်ပါတယ်။

မဲပေး

အခုလို ဆယ်စုနှစ်အကောင်းဆုံး အားကစားသမားဆုကို ရွေးချယ်တဲ့အခါ အမေရိကန် အားကစားသတင်း အယ်ဒီတာတွေက ဆန္ဒပြုရွေးချယ်မဲပေးခဲ့တာဖြစ်ပြီး အေပီသတင်းဌာနက ကြီးမှူးတာဝန်ယူ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဒီလိုရွေးချယ်တဲ့အခါ စုစုပေါင်း ၁၄၂မဲမှာ ရော်ဂျာဖက်ဒဲယားနဲ့ အမ်စရောင်းတို့ကိုကျော်ပြီး တိုက်ဂါးဝုဒ်က ၅၆မဲနဲ့ ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။

ရရှိခဲ့

အသက်(၃၃)နှစ် အရွယ်ရှိပြီဖြစ်တဲ့ တိုက်ဂါးဝုဒ်ဟာ ၂၀၀၀ပြည့်နှစ်ကတည်းက ကမ္ဘာ့တစ်ဝန်း ဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာ ၆၄ပွဲ အောင်ပွဲရပြီး ဆုဖလားနဲ့ ငွေကြေးများစွာ ဆွတ်ခူးရရှိခဲ့သူဖြစ်ပါတယ်။ အဲဒီပွဲပေါင်း ၆၄ပွဲမှာ အဓိက ဂေါက်သီးရိုက်ပြိုင်ပွဲကြီး ၁၂ပွဲ ပါဝင်ပါတယ်။

(၈)ကြိမ်မြောက်

တကယ်တော့ တိုက်ဂါးဝုဒ်ဟာ ပီဂျီအေရဲ့ အမေရိကန်တစ်နှစ်တာ အကောင်းဆုံး အားကစားသမားဆုကို အခုအကြိမ်နဲ့ဆိုရင် (၈)ကြိမ်မြောက် ရရှိခဲ့တာဖြစ်ပြီး အထူးချွန်ဆုံး ဂေါက်သီးရိုက်ကစားသမားအဖြစ် မှတ်တမ်းတင်ခံရခြင်း တစ်ဦးလည်းဖြစ်ပါတယ်။

တိုက်ဂါးဝုဒ်ဟာ ပီဂျီအေ တိုးဂေါက်သီးရိုက်ပြိုင်ပွဲ ၅၆ပွဲမှာ ဗိုလ်စွဲခဲ့ပါတယ်။ ဒါ့အပြင် ကမ္ဘာ့ချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၇ပွဲ ဆင်နွှဲခဲ့တဲ့နေရာမှာ (၁၄)ကြိမ် ဗိုလ်စွဲခဲ့တာမို့ ကမ္ဘာ့အဆင့် သတ်မှတ်အနေနဲ့ကြည့်ရင် လက်ရှိအချိန်မှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေတဲ့သူလည်းဖြစ်ပါတယ်။

မှတ်တမ်းတင်

တိုက်ဂါးဝုဒ်ဟာ ဆယ်စုနှစ်ကာလအတွင်း ဂေါက်သီးရိုက်ပြိုင်ပွဲရဲ့ အဓိကပြိုင်ပွဲကြီးသုံးရပ်မှာ အံ့သြဖွယ်ရာ ရိုက်ချက်တွေရိုက်ပြီး ထူးထူးခြားခြားစွမ်းရည်ပြခဲ့တဲ့သူပါပဲ။ အဲဒီပွဲတွေကတော့ ၂၀၀၀ပြည့်နှစ် အမေရိကန် အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲနဲ့ ၂၀၀၈ခုနှစ် အမေရိကန် အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၀ပြည့်နှစ်က စိန့်အင်ဒရူးမြို့မှာကျင်းပတဲ့ အမေရိကန် အိုးပင်း ချန်ပီယံရှစ်ပြိုင်ပွဲမှာ ရိုက်ချက်အနည်းဆုံးနဲ့ ပွဲသိမ်းနိုင်ခဲ့တာမို့ ပြိုင်ပွဲစုစုပေါင်းရဲ့ ပျမ်းမျှရိုက်ချက်ဟာ ၆၈ချက်ခန့်ဖြစ်ပါတယ်။

သူတို့မဲ

အမေရိကန်နိုင်ငံရဲ့ အားကစားသတင်းအယ်ဒီတာတွေက ဆယ်စုနှစ်အကောင်းဆုံး အားကစားသမားအဖြစ် မဲဆန္ဒပေးကြတဲ့အခါ အမ်စထရောင်းက ၃၃မဲ၊ တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒဲယားက ၂၅မဲ၊ အိုလံပစ် ရေကူးချန်ပီယံ မိုက်ကယ်ဖီးလ်က ၁၃မဲ၊ ကမ္ဘာ့အမြန်ဆုံးလူသားဖြစ်တဲ့ အပြေးအားကစားသမား အူလ်စိန်ဘော့က လေးမဲ အသီးသီးရရှိခဲ့ကြပါတယ်။

ဒါကြောင့် တိုက်ဂါးဝုဒ်ဟာ ဆယ်စုနှစ် အကောင်းဆုံး အားကစားသမားအဖြစ် ထိုက်ထိုက်တန်တန် ရွေးချယ်ခြင်းခံခဲ့ရတာပဲဖြစ်ပါတယ်။ လောလောဆယ်မှာတော့ တိုက်ဂါးဝုဒ်ဟာ အိမ်ထောင်ရေးအခြေအနေကြောင့် ဂေါက်သီးရိုက်ပြိုင်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်မှုကနေ ရပ်နားထားပါ ကြောင်း။ ။

ကိုးကား-အင်တာနက်

ချန်ပီယံလိဂ်ရှုံးထွက်ပွဲစဉ် လက်ရှိချန်ပီယံဘာကာနဲ့ စတုဂတ်တွေ့

မန်ယူနှင့်အေစီ၊ အင်တာနှင့်ချယ်လ်ဆီး ကစားကြရမည်

လန်ဒန် ဒီဇင်ဘာ ၁၈

ချန်ပီယံလိဂ်နောက်ဆုံး ၁၆သင်း ရှုံးထွက်ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ခွင့်ရရှိကြသော အသင်းများ၏ ပွဲစဉ်များကို ဆွစ်ဇာလန်နိုင်ငံ၌ မဲနှိုက်ရွေးချယ် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် မန်ယူနှင့် အေစီမီလန်တို့ ယှဉ်ပြိုင် ကစားရမည်ဖြစ်၍ အသင်းဟောင်းမန်ယူနှင့် ပြန်လည်ဆုံတွေ့မည် ဖြစ်သည်။ ၎င်းသည် ၂၀၀၃ခုနှစ်က မန်ယူမှထွက်ခွာသွားပြီးနောက် ပထမဆုံးအကြိမ်မန်ယူနှင့်မမျှော်လင့်ဘဲ ဆုံတွေ့ရတော့မည် ဖြစ်သည်။

ထိုစဉ်အတွင်းချယ်လ်ဆီးက အင်တာမီလန်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်၍ နည်းပြဟောင်းမော်ရင်ဟိုနှင့် ပြန်လည်ဆုံစည်းကြမည်ဖြစ်သည်။ အာဆင်နယ်က ၂၀၀၄ခုနှစ်ချန်ပီယံပေါ်တိုနှင့် ကစားရမည်ဖြစ်သည်။

ပြန်လည်ဆုံတွေ့

လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းသည် ဂျာမန်ကလပ် စတုဂတ်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဘာကာ၏ လာလီဂါပြိုင်ဘက် ရီးရဲမက်ဒရစ်က ပြင်သစ်ကလပ် လိုင်ယွန်နှင့် ကစားရမည်ဖြစ်သည်။ ပရီမီယာလိဂ်ကလပ်များဖြစ်ကြသည့် မန်ယူနှင့် ချယ်လ်ဆီးတို့သည် ၎င်းတို့၏နာမည်ကြီး ကစားသမားဟောင်းအများစုနှင့် ပြန်လည်ဆုံတွေ့ခွင့်ရရှိကြမည်ဖြစ်သည်။

ယှဉ်ပြိုင်ကစားရမည်

အဆိုပါ ချန်ပီယံလိဂ် နောက်ဆုံး ၁၆သင်း ရှုံးထွက်ပြိုင်ပွဲများကို ပထမအကျော့အဖြစ် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၆ရက်နှင့် ၁၇ရက်၊ ဖေဖော်ဝါရီ ၂၃ရက်နှင့် ၂၄ရက်တို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဒုတိယအကျော့ပွဲစဉ်များကို မတ်လ ၉ရက်နှင့် ၁၀ရက်သို့မဟုတ် ၁၆ရက်နှင့် ၁၇ရက်တို့၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်။

ချန်ပီယံလိဂ်ရှုံးထွက် ၁၆သင်းပွဲစဉ်များ

အင်တာမီလန်	-	ချယ်လ်ဆီး
လိုင်ယွန်	-	ရီးရဲမက်ဒရစ်
အေစီမီလန်	-	မန်ယူ
အိုလံပီယာကို့စ်	-	ဘော်ဒိုး
ပေါ်တို	-	အာဆင်နယ်
စီအက်စ်ကေအေမော်စကို	-	ဆီဗီလာ
စတုဂတ်	-	ဘာစီလိုနာ
ဘိုင်ယန်မြူးနစ်	-	ဖီအိုရင်တီးနား

(အင်တာနက်)

မြင့်မောင်စိုး - စုစည်းသည်

လီဗာပူးနှင့် ယူရိုနီယာ ယူရိုပါလိဂ်၌ ဆုံတွေ့မည်

လန်ဒန် ဒီဇင်ဘာ ၁၈

ချန်ပီယံလိဂ်ကဲ့သို့ ယူရိုပါလိဂ် ၃၂သင်းပြိုင်ပွဲယှဉ်ပြိုင်ကြမည့် ပွဲစဉ်များကိုလည်း ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ လီဗာပူးအသင်းသည် ရိုမေးနီးယားကလပ် ယူနီရီယာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းတို့နှစ်သင်းစလုံးသည် ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲမှ ထွက်ခဲ့ကြရသော အသင်းများဖြစ်သည်။

ထိုစဉ်အတွင်း ဖူလ်ဟမ်က ရှက်တာဒိုးနက်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဲဗာတန်က စပို့တင်းလစ္စဘွန်းနှင့် တွေ့မည်ဖြစ်သည်။ယင်းပွဲစဉ်များကို လာမည့်နှစ် ဖေဖော်ဝါရီ ၁၈ရက်နှင့် ၂၅ရက်တို့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယူရိုပါလိဂ် ၃၂သင်းပြိုင်ပွဲ

ရှုဘင်ကာဇန်	-	တဲအဗစ်
ဘီလ်ဘာအို	-	အန်ဒါလက်ချ်
ကိုပင်ဟေဂင်	-	မာဆေး
ပနာသီနိုင်ကို့စ်	-	ရိုးမား
အက်သလက်တီကို	-	ဂါလာတာစာရေး
အေဂျက်စ်	-	ဂျူဗင်းတပ်စ်
ကလပ်ဘရပ်	-	ဗလင်စီယာ
ဖူလ်ဟမ်	-	ရှက်တာဒိုးနက်
လီဗာပူး	-	ယူနီရီယာ
ဟမ်းဘတ်	-	ပီအက်စ်ဗွီ
ဗီလာရီးရဲ	-	ဝုဘတ်
စတင်းဒတ်လိဂ်	-	ဘူးလ်စာဘတ်
တီဝမ်တေး	-	ဝါဒါဘရီမင်
လီလီ	-	ဖီနာဘာချီ
အဲဗာတန်	-	စပို့တင်း
ဟာသာဘာလင်	-	ဘင်ဖီကာ

(အင်တာနက်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-ရေးသည်

ဝက်စ်ဟမ်းခံစစ်မှူး အပ်ဆန်အား စပါးအသင်းက ခေါ်ယူရန်ကမ်းလှမ်း

စပါးအသင်းသည် ဝက်စ်ဟမ်းခံစစ်မှူး မက်သရူးအပ်ဆန်အား ပေါင်ရှစ်သန်းဖြင့် စာချုပ်ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း၊ သို့သော်လည်း မန်စီးတီးအသင်းက အပ်ဆန်အား အပြိုင်ခေါ်ယူနေသည်ကို ကြုံတွေ့နေရကြောင်း သည်ဆန်းသတင်း၌ ဖော်ပြသည်။

လူငယ်ကြယ်ပွင့် မာကိုမာလီတစ်အားခေါ်ယူရေး ဘလက်ဘန်းအသင်း ကြိုးစားနေ

ဘလက်ဘန်းအသင်းသည် နယ်သာလန်အသင်း ဒီဂရက်ရှက်ပ်အသင်းမှ အသက် ၁၆နှစ်အရွယ်ရှိ ဘော့စနီးယားလူငယ်ကြယ်ပွင့် ကွင်းလယ်ကစားသမား မာကိုမာလီတစ်အား ခေါ်ယူရန် ကြိုးစားလျက်ရှိကြောင်း၊ ၎င်းအား ဆဲလ်တစ်ကလည်း စိတ်ဝင်စားနေကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

စပိန်လာလီဂါထိပ်သီး ဘာစီလိုနာအသင်း အာဆင်နယ်မှ ဖာဘရီဂတ်စ်အား ခေါ်ယူမည်

ဘာစီလိုနာအသင်းသည် လာမည့်ဘောလုံးရာသီတွင် အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ခေါ်ယူရေးအတွက် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ၎င်းအား ပေါင်သန်း ၄၀ပေး ခေါ်ယူရန် အသင့်ဖြစ်နေကြောင်း သည်ဆန်းသတင်းတွင် ဖော်ပြသည်။

အက်သလက်တီကိုမှ ရိုဒရီဂွယက်ဇ်အားခေါ်ယူရေး အဲဗာတန်အသင်း လေ့လာအကဲခတ်နေ

အဲဗာတန်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား မာဇီရိုဒရီဂွယက်ဇ်အား သင့်တင့်သောပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် အကဲခတ်နေကြောင်း ဒေးလီးမေးလ်က ဖော်ပြသည်။

ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဂွတ်ဂျွန်ဆင် ပရီမီယာလိဂ်တွင် ပြန်လည်ကစားလို

ပြင်သစ်အသင်း မိုနာကိုရောက် ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဂွတ်ဂျွန်ဆင်သည် မိုနာကိုအသင်းတွင် နေရာမရဖြစ်ပြီးနောက် ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်ချင်နေကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဘော်လ်တန်နည်းပြ ဂါရီမက်ဆန် ကလက်စ်နစ်ခ်အား အမြဲစာချုပ်ရေး မသေချာသေး

ဘော်လ်တန်နည်းပြ ဂါရီမက်ဆန်သည် နန့်စ်အသင်းမှ အငှားစာချုပ်ချုပ်ဆိုခေါ်ယူထားသူ အီဗန်ကလက်စ်နစ်ခ်အား ပြောင်းရွှေ့ကြေးပေါင် ၁ဒသမ၄သန်းဖြင့် အမြဲတမ်းစာချုပ် ချုပ်ဆိုရေးမှာ မသေချာသေးကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ပို့စ်မောက်နည်းပြဟောင်း ပေါလ်ဟတ် ကျူပီအာရ်အသင်း နည်းပြအဖြစ်တာဝန်ယူ

ပို့စ်မောက်နည်းပြဟောင်း ပေါလ်ဟတ်အား ဒီဇင်ဘာ ၁၇ရက်က ကျူပီအာရ်အသင်းနည်းပြသစ်အဖြစ် တာဝန်ပေးခဲ့ကြောင်း၊ ၎င်း၏လက်ထောက်နည်းပြအဖြစ် မစ်ခ်ဟာဖို့ဒ်က တာဝန်ယူမည်ဖြစ်ကြောင်း ဒေးလီးမေးလ်က ဖော်ပြသည်။

ရက်ဒင်းအသင်း၏ နည်းပြသစ်တာဝန်ပေးရေး ဂရက်သ်ဆောက်ဂိတ်အား ပစ်မှတ်ထား

ရက်ဒင်းအသင်းသည် ၎င်းတို့၏ အသင်းတွင် လွတ်နေသော နည်းပြအဖြစ် တာဝန်ပေးရေးအတွက် မစ်ဒယ်ဘရော့နည်းပြဟောင်း ဂရက်သ်ဆောက်ဂိတ်အား အဓိက ပစ်မှတ်ထားနေကြောင်း သည်ဆန်းက ဖော်ပြသည်။

ဥရုဂွေးလူမျိုးနည်းပြ ဂတ်စ်ပိုယက်အား ရီးရဲဇာရာဂိုဇာက နည်းပြတာဝန်ပေးလို

ဥရုဂွေးလူမျိုးနည်းပြ ဂတ်စ်ပိုယက်သည် ဘရိုက်တန်အသင်းနှင့် ၁၈လ စာချုပ်ချုပ်ဆိုထားသော်လည်း ရီးရဲဇာရာဂိုဇာက ၎င်းအား နည်းပြသစ်အဖြစ် တာဝန်ပေးလိုကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ချီလီတိုက်စစ်မှူး ဆူအာဇိအားခေါ်ယူရေး စပါးနည်းပြ ဟယ်ရီရက်နက်လက်လျှော့လိုက်ပြီ

မက္ကဆီကိုအသင်း မွန်တာရီတွင် ကစားနေသော ပြောင်းရွှေ့ကြေးမြင့် ချီလီတိုက်စစ်မှူး ဟမ်ဘာတိုဆူအာဇိအားခေါ်ယူရေးကို လက်လျှော့လိုက်ပြီဖြစ်ကြောင်း စပါးနည်းပြရက်နက်က ပြောကြားကြောင်း ဒေးလီးမေးလ် သတင်း၌ ဖော်ပြသည်။

TMW Enterprise Ltd ၏ ၂၀၀၉ Year End Sales ဈေးရောင်းပွဲတော် ကျင်းပ အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံကို ဈေးနှုန်းလျှော့ချ ရောင်းချပေးနေ

➢ သတင်းမှတ်စု-ဝင်းမြင့် (အင်းစိန်) ➢ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၈

ကမ္ဘာကြီးသည် ယနေ့ မျက်မှောက်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အီလက်ထရွန်နစ်ပစ္စည်းများ၏ အခန်းကဏ္ဍသည်လည်း အံ့မခန်းဖြစ်ပေါ်နေသည်ကို အားလုံးအသိပင်ဖြစ်သည်။

စည်ကားများပြား

SONY, LG, T-Home အစရှိသော Branded Electronics ပစ္စည်းများ၏ မြန်မာပြည်တရားဝင် ကိုယ်စားလှယ် TMW Enterprise Ltd ၏ တစ်နှစ်တွင် တစ်ခါသာကျင်းပသော ၂၀၀၉ Year End Sales သို့မဟုတ် Giant Sales ဈေးရောင်းပွဲတော်ကြီးကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် မဟာစည်သာသနာ့ရိပ်သာလမ်းထောင့် အမှတ်(၅၆)ရှိ TMW Complex ၌ ကျင်းပရာ ဈေးဝယ်သူပရိသတ်များက နှစ်သက်စွာ ဝယ်ယူအားပေးလျက်ရှိသည်ကို မိမိတို့သတင်းအဖွဲ့ တွေ့မြင်ခဲ့ရသည်။

ဈေးရောင်းပွဲတော် မစတင်မီကပင် ကြော်ငြာအားအရ ဈေးဝယ်မည့်ပရိသတ်များက ကြိုတင်သိရှိ ရောက်ရှိနေသည်ကို တွေ့မြင်ရပြီး တစ်နေကုန်စည်ကားများပြား လျက်ရှိနေသည်။

စိတ်တိုင်းကျ

သတင်းအဖွဲ့၏ မေးမြန်းချက်အရ TMW Enterprise Ltd မှ ဒေါ်စပယ်တင်က "ဒီဈေးရောင်းပွဲတော်မျိုးကို တစ်နှစ်မှာ တစ်ခါသာ ပြသရောင်းချပေးတာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဈေးဝယ်ပရိသတ်အတွက် တစ်နှစ်တစ်ခါ ကျေးဇူးတုံ့ပြန်မှုလည်း ဖြစ်ပါတယ်။ ဒီဈေးရောင်းပွဲတော်မှာ အီလက်ထရွန်နစ်ပစ္စည်းပုံစံသစ်များကို ဈေးနှုန်းလျှော့ချ ရောင်းချပေးနေပါတယ်။ ဒီနေ့ကစပြီး ၂၀ရက်အထိကိုလည်း ယခုပြသထားသည့် ဈေးနှုန်းများအတိုင်း ရောင်းချပေးမှာဖြစ်ပါတယ်။ ဆိုနီကင်မရာ ဒစ်ဂျစ်တယ်တစ်လုံးဟာ ဘယ်တော့မှ ငွေကျပ်တစ်သိန်းအောက် မရောက်ခဲ့ပေမယ့် အခုဈေးရောင်းပွဲတော်မှာ ငွေကျပ်တစ်သိန်းအောက်အထိ လျှော့ချ ရောင်းချပေးနေပါတယ်။ ကျန်းမာရေးအထောက်အကူဖြစ်စေသည့် စက်ဘီး၊ အကြောနှိပ်စက်၊ ခြေဖဝါးနှိပ်စက်၊ မျက်လုံးအကြောပြေစက်၊ အဆီချစက်၊ အနှိပ်ခုံ၊ ပြေးစက်၊ ဒစ်ဂျစ်တယ် သွေးပေါင်ချိန်တိုင်းတာစက်၊ ဒစ်ဂျစ်တယ် အပူချိန်တိုင်းစက်၊ ကားထဲတွင်အသုံးပြုနိုင်သော အနှိပ်ကူရှင်၊ တေးသံသွင်းဆိုင်ဖြစ်သော Excellent Creation ကလည်း တေးသီချင်းမူရင်းအခွေများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါတယ်။ အာမခံကတ်များနှင့်အတူ မကြုံစဖူး အထူးဈေးနှုန်းများဖြင့် သုံးစွဲသူစိတ်တိုင်းကျ ရောင်းချပေးလျက်ရှိပါတယ်"ဟု ရှင်းလင်းပြောကြားသွားသည်။

အဆိုပါ Giant Sales ဈေးရောင်းပွဲတော်ကြီးတွင် Branded Electronics ပစ္စည်းများသာမက Japan Brand INAX ရေချိုးခန်းသုံးပစ္စည်းများနှင့် ကြွေပြား၊ကြေးပြား၊ OTO Body Care ကျန်းမာရေးပစ္စည်းများ၊ Family Entertainment မိသားစုနှင့် Bossini အဝတ်အထည်များစသည့် မိသားစုအတွက် လိုအပ်သော ပစ္စည်းများကို တစ်နေရာတည်းတွင် အထူးလျှော့ဈေးများနှင့် ဝယ်ယူရရှိနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။

သတင်းကောင်း

ယင်းဈေးရောင်းပွဲတော်တွင် SONY လျှပ်စစ်ပစ္စည်းများဖြစ်သည့် LCD TV 60" မှ 20" အထိ ဒီဇိုင်းအစုံ၊ အမျိုးအစားအစုံ ပစ္စည်းများကို အထူးဈေးနှုန်းများ၊ အာမခံကတ်များနှင့်အတူ ရောင်းချပေးနေသည်ကို တွေ့ရသည်။ SONY သည် အသံပိုင်းဆိုင်ရာနှင့် အရည်အသွေးတို့တွင် ကမ္ဘာ့နံပါတ်တစ်ဖြစ်ပြီး SONY ၏ Hi-Fi ကက်ဆက်များ၊ LCD တီဗွီများ၊ အိမ်တွင်းဖျော်ဖြေမှု စနစ်ပစ္စည်းများ၊ ဒစ်ဂျစ်တယ်ကင်မရာ၊ MP-3၊MP-4 ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။ SONY Bravia 32" LCD TV ယခင်ဈေးနှုန်း ခြောက်သိန်းဝန်းကျင်ကို ယခုတွင် ငွေကျပ် သုံးသိန်းရှစ်သောင်းကိုးထောင်နှုန်းဖြင့် တစ်နေ့လျှင် အလုံး၅၀သာ ရောင်းချပေးသွားမည့်အပြင် SONY Home Theatre System ပစ္စည်းများကို ငွေကျပ်နှစ်သိန်းကျော်မှစ၍ အမျိုးအစားအလိုက် ပုံမှန်ထက်မတူ အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေသည်ကို သတင်းကောင်းကြားသိခဲ့ရသည်။ သုံးစွဲသူများအတွက် SONY က ဝန်ဆောင်မှုကိုလည်း အပြည့်အဝပေးသွားမည် ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ထို့အပြင် ကိုရီးယားနိုင်ငံ၏ နာမည်ကြီး Brand တစ်ခုဖြစ်သောLG Brand တွင် LCDအဖြစ်သာမက ကွန်ပျူတာဖြင့်တွဲဆက်၍ Monitor အနေဖြင့်လည်း အသုံးပြုနိုင်သော 22" LCD TV ကို တစ်နေ့လျှင် အလုံး၅၀ ယခင်ဈေးနှုန်း ငွေကျပ် သုံးသိန်းကျော်ကို ယခုငွေကျပ် ၁၉၉၀၀၀နှုန်းဖြင့်လည်းကောင်း၊ 32" LCD TV ကို ယခင်ဈေးနှုန်း ငွေကျပ် ငါးသိန်းကျော်ကို ယခုငွေကျပ် ၃၇၉၀၀၀ ဖြင့်လည်းကောင်း၊ 42" LCD TV ကို ယခင်ဈေးနှုန်း ငွေကျပ် ၁၀သိန်းကျော်ကို ယခု ငွေကျပ် ၆၉၉၀၀၀ နှုန်းဖြင့် လည်းကောင်း၊ 42" Plasma TV ကို ယခင်ဈေးနှုန်းငွေကျပ် ရှစ်သိန်းဝန်းကျင်ကို ယခုငွေကျပ် ၅၉၉၀၀၀ဖြင့် လည်းကောင်း၊ 55" LCD TV နှင့် BLUE RAY HOME THEATER တွဲလျက် တစ်စုံကို ယခင်ဈေးနှုန်း ငွေကျပ် ၃၉၉၀၀၀၀ ကို ယခုငွေကျပ်၂၉၉၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ 21" ULTRA SLIM TV နှင့် DVD Player တွဲလျက် တစ်စုံကို ယခင်ဈေးနှုန်းငွေကျပ် ၂၁၉၀၀၀ မှ ယခု ငွေကျပ် ၁၅၉၀၀၀နှုန်းဖြင့် လည်းကောင်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက် ရှိနေသည်။

TMW Enterprise Ltd ၏ ၂၀၀၉Year End Sales ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ TMW Complex ၌ ကျင်းပစဉ်။
(သတင်းစဉ်)

ပြသရောင်းချ

အလားတူ LG ၏ အမျိုးအစားသစ် Split Type Aircon သည် ပူသောအချိန်တွင် အဲယားကွန်းအဖြစ်သာမက ယခုလိုဆောင်းရာသီအေးသောအချိန်တွင် Heater အဖြစ်ပါ အသုံးပြု၍ ရသောကြောင့် အေးမြသော ဆောင်းရာသီမှာ နွေးထွေးမှုကိုပါ ပေးစွမ်းနိုင်သည့် Aircon ဖြစ်သည်။ ၄င်း Split Type Aircon ကို ယခင်က ငွေကျပ် သုံးသိန်းဝန်းကျင်ဖြင့် ရောင်းချခဲ့ရာ ဈေးပွဲတော် ကာလအတွင်း ငွေကျပ် ၁၉၉၀၀၀ ဖြင့် တစ်နေ့လျှင် အလုံး ၅၀ ရောင်းချပေးနေကြောင်း တွေ့ရသည်။



၎င်းအပြင် အိမ်ရှင်မများအတွက် မရှိမဖြစ် အသုံးအဆောင်များဖြစ်သော Vacuum Cleaner, Microwave၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာများကိုလည်း တစ်နှစ်တာကာလပတ်လုံး မကြုံစဖူး အထူးဈေးနှုန်းများဖြင့် အမျိုးအစားစုံလင်စွာ ပြသရောင်းချလျက်ရှိသည်။

TMW Enterprise Ltd ၏ T-Home Brand21" TV ကိုလည်း ငွေကျပ် ၈၉၀၀၀ဖြင့် ဝယ်ယူအားပေးနိုင်သည်။ ထို့အပြင် DVD Playerများကိုလည်း ငွေကျပ် နှစ်သောင်းဝန်းကျင်ဖြင့် ဝယ်ယူအားပေးနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ T-Home ၏ အခြားလျှပ်စစ်ပစ္စည်းများဖြစ်သည့် EVD Micro Hi-Fi ကက်ဆက်အပြင် ရေခဲသေတ္တာများနှင့် အခြားလျှပ်စစ်ပစ္စည်းများကိုလည်း ရောင်းချပေးလျက်ရှိကြောင်း သိခဲ့ရသည်။

အထူးသက်သက်သာသာ

INAX ရေချိုးခန်းသုံးပစ္စည်းများနှင့် ကြွေပြား၊ ကျောက်ပြားများ ရောင်းချရာနေရာသို့ ဝင်ရောက်ကြည့်ရှုချိန်တွင်လည်း ဘိုထိုင် WC တစ်လုံးလျှင် ငွေကျပ် ၉၉၀၀၀ ဖြင့် ဝယ်ယူအားပေးနေကြောင်း တွေ့ရှိခဲ့ရသည်။ ထို့အပြင် ရိုးရိုးအိမ်သာများကိုလည်း အထူးလျှော့ပေးထားသည့်အပြင် ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများအတွက်လည်း ထက်ဝက်လျှော့ဈေးဖြင့် ရောင်းချပေးနေကြောင်း တွေ့ရှိခဲ့သည်။ ကျန်းမာရေး အထောက်အကူပြု OTO Body Care ပစ္စည်းများကိုလည်း ဝယ်ယူသူများအား အထူးသက်သက် သာသာဖြင့် ရောင်းချပေးနေကြောင်း တွေ့ရှိရသည်။

ဝေယံ Electronics ဆိုင်မှလည်း Brand စုံ လျှပ်စစ်ပစ္စည်းများကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနေသည်ကိုလည်း ဝင်ရောက်ကြည့်ရှုခဲ့သည်။ အခြားနာမည်ကြီး Electronics ဆိုင်များဖြစ်သော ပြည်ကျော်၊ MC ဆိုင်များတွင်လည်း ဝယ်ယူအားပေးနေကြသည်ကို တွေ့မြင်ရပြီး Techno-land ဆိုင်တွင်လည်း နောက်ဆုံးပေါ် IT ပစ္စည်းမျိုးစုံကို ကြည့်ရှု ဝယ်ယူနေကြသည်ကို မြင်တွေ့ခဲ့ရသည်။

ထိုကဲ့သို့ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးနေသောTMW ၏ Giant Sales ဈေးပွဲတော်ကြီးကို ဒီဇင်ဘာ ၂၀ ရက်အထိ သုံးရက် ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ နေပြည်တော်ရှိ အမှတ် (၁)အားကစားကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပေါင်းလောင်း အားကစားကွင်း၌ တပ်မတော် (ရေ)အသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေဖြင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၂-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဉ္စာနံပါဠိတော်+အင်္ဂလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဘာအားကိုးမလဲ** တရားတော် (အောင်စကြာ ဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ပန်းချီပြခန်း (Flying Together)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၁)
- ၈:၃၀ Sports World (Speed Pool)
- ၈:၅၅ ရွှေစံအိမ်တည်ရှိရာ (Aureum Resort)
- ၉:၁၅ Activities in the City (C' CARE ကံစမ်းပွဲ)
- ၁၀:၃၅ Global Panorama (ဦးကိုကိုလှိုင်၊မျိုးမြတ်သူ)
- ၁၀:၃၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ပင်လယ်ကိုဖြတ်၍)
- ၁၁:၁၀ သွားမယ် စားမယ် (AD Garden Restaurant)
- ၁၁:၄၀ SONY အရောင်းမြှင့်တင်ပွဲ
- ၁၂:၀၀ မြန်မာ့တူရိယာ စည်တော်ကြီး
- ၁၂:၁၅ အနုပညာမိုးကောင်းကင် **ချိုးကူသံ** (ဇာတ်ကားရိုက်ကွင်း)
- ၁၂:၂၅ ရလဒ်ကောင်းများနှင့် Organic
- ၁၂:၄၀ ပတ္တမြားမြေရဲ့ အလှသက်သေ
- ၁:၀၀ **ဘာအားကိုးမလဲ** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival [Hair Fashion (2)]
- ၃:၄၅ SONY အရောင်းမြှင့်တင်ပွဲ
- ၄:၀၀ ဂျူးချဲ့အိုင်ဒီယာ၏ သမိုင်းကြောင်း
- ၄:၂၅ Myanmar Aikikai New Organization ၏ ဝေဠုဝန် ပရဟိတ ဘုန်းတော်ကြီးကျောင်းသို့ ကျောင်းဆောင်သစ် ရေစက်ချ လှူဒါန်းပွဲနှင့် ဖျော်ဖြေပွဲ
- ၄:၅၀ Activities in the City (C' CARE ကံစမ်းပွဲ)
- ၅:၀၅ ရွှေစံအိမ်တည်ရှိရာ (Aureum Resort)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ် စားမယ် (AD Garden Restaurant)
- ၆:၅၀ အင်တာနက်လမ်းညွှန် (Come Net Internet & Games)
- ၇:၀၅ Fashion Music Festival [Hair Fashion (2)]
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **လှရှင်တော်လည်း လှသားပါ** သရုပ်ဆောင်-အောင်သော်၊ မျောက်ရှုံး၊စံလင်း၊ကြာစိ၊ ကျင်ဝှက်၊ ခေါ်လေး (ဒါရိုက်တာ-ကြည်သာ ပွဲကြိုက်ခင်)
- ၉:၀၀ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
- ၉:၁၀ ပန်းချီပြခန်း (Flying Together)
- ၉:၂၅ Barclays Premier League (Man City Vs Sunderland)
- ၁၁:၂၅ MRTV-4 ဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၃၁)
- ၁၁:၅၅ Barclays Premier League (Arsenal Vs Hull City)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Portsmouth - Liverpool	ESPN (Live)
၉:၂၅	Fulham - Man Utd	ESPN (Live)
	Man City -Sunderland	STAR SPORTS (Live)
၁၀:၃၀	Blackburn - Tottenham	STAR SPORTS (SDD)
၁၁:၅၅	Arsenal - Hull City	ESPN (Live)

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၇)ကို ဖြန့်ချိထားသည်။

မြင်းခြံမြို့မှ အမျိုးသမီးနှစ်ဦး ငွေဆောင်ကမ်းခြေတွင် ရေနစ်သေဆုံး၊ ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲထားသည့် မြန်မာအင်ဂျင်နီယာတစ်ဦးပါ စင်ကာပူ သင်္ဘော လွတ်မြောက်မှုမရှိသေး၊ ဒဂုံရွှေအောင်လံဆု ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကျင်းပ၊ တရုတ်နိုင်ငံ ရွှေလီမြို့တွင် A(H1N1) တုပ်ကွေးရောဂါကြောင့် ကျောင်းများ ၁၀ရက်ခန့်ပိတ်၊ ဆက်သံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံ၊ နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများစီမံခန့်ခွဲရေး ကော်မတီမှ မြေနှင့် အဆောက်အအုံ ၄၄ခု တိုက်ခန်း ခုနစ်ခန်း၊ မြေကွက် ၈၆ကွက် ရောင်းချမည်ဖြစ်၊ မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်ကာ ပန်းပန်လျက်ရှိ၊ (Export Earning) ရှိသူ လုပ်ငန်းရှင်များ လောင်စာဆီတင်သွင်းရန် ကြိုးပမ်းနေ၊ လူကုန်ကူးခံရသည့် အမျိုးသမီး ၃၉ဦးကို ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့၊ စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးချနိုင်မည့် နည်းစနစ်အား ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာမည်၊ ကူးစက်ရောဂါဖြင့် သေဆုံးသူများကို ရေဝေးအအေးခန်း၌ ထားရှိခွင့်မပြု၊ မြန်မာနိုင်ငံတွင် ဝိုင်ဖိုင်စနစ် Prepaid Card ဖြင့် အင်တာနက် စတင်အသုံးပြုနိုင်ပြီဖြစ်၊ ဝန်ထမ်းအယောင်ဆောင်၍ လက်ထိပ်ပြကာ ငွေတောင်းခံသူ တစ်ဦးဖမ်းဆီးရမိ၊ အသားတိုးကြက် (အရှင်)များ စည်းကမ်းချက်နှင့် ကိုက်ညီမှ ရောင်းဝယ်ခွင့်ပြုမည်၊ မြန်မာ့စီးပွားရေးဘဏ်မှ ဘဏ်ကြီးကြပ်ရေးမှူးအား သတ်ခဲ့သူ နှစ်ဦးအား ထောင်ဒဏ်တစ်သက်တစ်ကျွန်းအပြင် ထောင်ဒဏ် ၁၃နှစ် ပြစ်ဒဏ်အသီးသီး ချမှတ်၊ ကန်ထရိုက်လယ်ယာစနစ်တိုင်းသုံးခုတွင် တိုးချဲ့ဖော်ဆောင်သွားမည်၊ Emperor တေးဂီတအဖွဲ့ နယူးဒေလီမြို့တွင် သွားရောက်ဖျော်ဖြေ၊ ဘင်္ဂလားဒေ့ရှ်-မြန်မာနှင့် ဟွန်ဒူးရပ်စ်နိုင်ငံများသည် ပြင်းထန်သည့် ရာသီဥတုဒဏ်ကို အဆိုးဆုံးခံရသည့်နိုင်ငံများ ဖြစ်သည်ဟုဆို၊ ကျပ်သိန်းပေါင်း ၅၀၀၀တန်ဖိုးရှိ ရှေးထည်ရတနာများ နေပြည်တော်ပျဉ်းမနားတွင် ဖောက်ထွင်းမှုဖြစ်ပွား၊ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အပြောင်းအလဲ၊ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ ဆီးရီးယားနှင့် ဟစ်ဇ်ဗိုလာအား တိုက်ခိုက်သည့်အသွင် စစ်ရေးလေ့ကျင့်၊ အီရန်တို့၏ အသေခံဗုံးခွဲသမားများ၊ ဂျပန်နှင့် တရုတ်တို့ ပူးတွဲရေကြောင်းစစ်ရေး လေ့ကျင့်မည်၊ ရုရှားနျူကလီးယား ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု မအောင်မြင်ကြောင်း နော်ဝေးမှပင် တွေ့မြင်ခဲ့ စသည့် နောက်ဆုံးရပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။

(သတင်းစဉ်)

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀(သုဝဏ္ဏ)၊ မြေကွက်အမှတ်-၁၃၁၊ ဧရိယာ ၀ ဒသမ ၁၁၅ ဧကရှိသော နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့်ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊မနေအောင်လမ်း၊အမှတ်(၁၃၁)ဟုခေါ်တွင်သော နှစ်ထပ်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအား တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ဝေဝေမြင့်ကို ၁၄/ကလန(နိုင်) ဝ၁၁၁၈၆ ၏ကိုယ်စား တရားဝင်ကိုယ်စားလှယ်လွှဲစာ ရရှိထားကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ စိုင်းဆိုင်လင်း ၁၂/ကတတ(နိုင်) ဝ၂၂၁၆၃ ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P,C.B.L , D.B.L, D.M.L ၊ ဥပဒေအကျိုးဆောင်
အမှတ် -၁၀/၁၂၊ပထမထပ် (အေ-၅)၊ ၃၅လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း -၀၉-၉၉၂၅၇၃၆၊၀၉-၅၀၇၀၆၇၇။

အမည် ပြည့်စွက် ခေါ်ပါရန်

အဖ ဦးစောရီ၏သား မွန်ပြည်နယ် မုဒုံမြို့နယ် ဂုံညင်းတန်း ကျေးရွာမှ မောင်ဆန်းမြင့်မောင်အား မောင်ဆန်းမြင့်မောင်(ခ)မောင်ဆန်းမြင့်အောင် ဟုပြည့်စွက်ခေါ်ပါရန်။ **မောင်ဆန်းမြင့်မောင်(ခ)မောင်ဆန်းမြင့်အောင်။**

အရောင်းခန်းမသစ်ဖွင့်ပွဲ အထိမ်းအမှတ်

အိမ်သုံးလျှပ်စစ်ပစ္စည်းများ အထူးသက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

OK Myanmar Co.,Ltd. *၏ အိမ်သုံးလျှပ်စစ်ပစ္စည်းများ အရောင်းခန်းမသစ် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်တွင် အရောင်းခန်းမတည်နေရာ အမှတ်* ***(G-9)MGW Tower*** *ဗိုလ်အောင်ကျော်လမ်း(အလယ်)၌ ကျင်းပဖွင့်လှစ်မည်ဖြစ်သည်။*

ရောင်းချပေးမည်

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ***SANYO၊ DAEWOO၊HQ*** *အမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို အထူးသက်သာသည့် ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ထို့အပြင် ဝယ်ယူသူတိုင်းအား ဗလာမပါ ကံစမ်းမဲများ နှိုက်ခွင့်ပြုခြင်း၊ လက်ဆောင် ပစ္စည်းများပေးခြင်း၊ လုပ်ငန်းရှင်များအတွက် လုပ်ငန်းသုံး လေအေးပေးစက်၊ အအေးခန်း* ***Showcase*** *များကို ညှိနှိုင်းအစီအစဉ်ဖြင့် ငွေပေးချေခြင်း စသည့် အစီအစဉ်များဖြင့် ရောင်းချပေးမည်ဖြစ်သည်။*

ရောင်းချပေးမည့်ရက်မှာ ဒီဇင်ဘာ ၂၀ရက်မှ ၃၁ ရက်အထိ ၁၁ ရက်ဖြစ်ပြီး အသေးစိတ် သိလိုပါက ဖုန်း ၀၁-၃၉၂၉၈၆၊ ၃၉၂၉၈၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

သုတဘဏ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက် သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲက အဆိုပါစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကံစောလှိုင် တက်ရောက်၍ ပန္နက်တိုင်စိုက်ထူပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကိုကိုကြီး၊ မြို့နယ်အတွင်းရေးမှူး ဒေါ်သန်းသန်းဌေး၊ မြို့မိမြို့ဖ ဦးထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဦး၊ စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ရပ်ကွက်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ ပန္နက်တိုင်များ စိုက်ထူကာ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

(မြန်မာ့အလင်း)

အထက(၁)ရန်ကင်း (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

အထက(၁)ရန်ကင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ၁၉၆၂-၁၉၈၂ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိလျက် သက်ပြည့်အငြိမ်းစားဘဝဖြင့်ရပ်တည်နေကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁)ရန်ကင်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲကျင်းပမည့်ရက်တွင် မပျက်မကွက်တက်ရောက်ပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးဇေယျကို(ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁-၆၇၅၅၆၊ ဗိုလ်ကြီးတင်မောင်အေး(ငြိမ်း) ဖုန်း-၀၉-၅၂-၀၀၂၀၀၊ ဦးအောင်ခိုင် ဖုန်း -၅၇၀၀၈၉၊ ဦးကျော်နိုင်ဝင်း ဖုန်း-၀၉-၈၀-၃၃၄၆၁၊ ဦးစိုးမြင့်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၀-၆၃၈၈၉၊ ဦးခင်မောင်လှိုင် ဖုန်း-၀၉-၅၀-၄၀၉၉၇၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၀-၂၄၉၃၀နှင့် ကျောင်းအုပ်ဆရာကြီး အထက(၁)ရန်ကင်း ဖုန်း-၅၅၇၅၀၆တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ်မူလတန်းကြိုကျောင်း ရင်သွေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ကျောင်းရှေ့အားကစားကွင်း၌ ကျင်းပရာ ဆုရရင်သွေးငယ်များအား ရန်ကုန်တိုင်း လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး ဆုချီးမြှင့်စဉ်။ (၁၂၃)

တောင်ဥက္ကလာပမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ရက်က အထက(၅)ကျောင်းအားကစားကွင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မာဆွေက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၁၀၀)

ဖြူးမြို့နယ်အသင်း(ရန်ကုန်) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၈

ဖြူးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(အမျိုးသားကျောင်း) နှစ်(၉၀)ပြည့်နှင့် ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲသို့ ဖြူးမြို့နယ်အသင်း(ရန်ကုန်) အစီအစဉ်ဖြင့် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် အလုံ သခင်မြပန်းခြံ Western Parkဆိုင်အနီးမှ ကားများ စတင်ထွက်ခွာမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ဖြူးမြို့နယ်သူ မြို့နယ်သားများသည် ဒီဇင်ဘာ ၂၈ရက် နောက်ဆုံးထား၍ ဦးဂုဏ်ရင် ဖုန်း-၀၉-၅၁-၄၈၈၅၃နှင့် ဦးမြဦး ဖုန်း-၆၆၀၁၃၁၊ ၂၂၉၉၄၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း လိုက်ပါနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၄ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တံခွန်စိုက်ဆုကို လေးနှစ်ဆက်တိုက် ရရှိသော စတုတ္ထတန်း(က)မှ မခိုင်ဆုလာဘ်သာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာ ဆုချီးမြှင့်စဉ်။

(ပညာရေး)



သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အတွင်း အရိပ်ရပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုအခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းက ပျိုးထောင်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန် တိ/မွေးကုတက္ကသိုလ်(၁၉၇၂-၇၈) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်အင်းစိန်တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်တွင်(၁၉၇၂-၇၈) စာသင်နှစ်အတွင်း ပညာဆည်းပူးခဲ့ကြသော ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Center ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ကိုယ်ရေးအချက်အလက်များကို ဦးအုံးကျော် ဖုန်း-၀၉-၅၀၂၉၇၅၉၊ ဦးစက်ဗိုလ် ဖုန်း-၀၉-၅၀၆၄၉၇၂၊ ဦးစိန်မြင့် ဖုန်း-၀၉-၅၄၀၇၁၁၅၊ ၆၄၂၇၄၅၊ ဦးစိုးသန်း ဖုန်း-၀၉-၅၁၇၅၇၉၂၊ ဦးတင့်ဆွေ ဖုန်း-၀၉-၅၀၂၁၂၃၉၊ ၅၁၈၃၉၂၊ ဦးခင်ဇော် ဖုန်း-၀၂-၂၂၁၉၀၊ ၀၉-၂၀၀၆၈၇၂၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၀၃၈၉၄၂၊ ဒေါ်ခင်လင်းသူ ဖုန်း-၂၁၅၈၉၉၊ ၀၉-၅၀၃၈၉၄၀၊ ဒေါ်တင်ရီ ဖုန်း-၂၂၄၄၄၄၊ ၀၉-၅၁၇၇၃၇၈၊ ဒေါ်ခင်မာလာစိုး ဖုန်း-၀၉-၅၁၀၇၆၈၁ နှင့် ဒေါ်စန်းစန်းမြင့် ဖုန်း-၆၅၀၈၇၇၊ ၀၉-၅၂၉၄၄၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အလက(၆)တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၈

တောင်ဥက္ကလာပမြို့နယ် အလက(၆) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ဖြိုးမေတ္တာနှစ်ထပ်ကျောင်းဆောင်သစ်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဤကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဖြိုးစည်သူ ဖုန်း-၀၉-၅၁၀၁၂၄နှင့် မြတ်သူ ဖုန်း-၅၆၉၃၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းလုပ်ငန်းဖြစ်သော ပြည်ထောင်စုကျောက်တိုင်ပတ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြော

အုတ်တွင်း ဒီဇင်ဘာ ၁၂

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီက အုတ်တွင်းမြို့နယ် ကျွဲပွဲ(အထက)၌ကျင်းပရာ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တောင်ငူပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး၊ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သန္တာနှင်းက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အကြောင်းတို့ကို ဟောပြောကြပြီး ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေတို့က ကျွဲပွဲ(အထက)သို့ တံမြက်စည်းနှင့် အမှိုက်သိမ်းဂေါ်ပြားများကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ (၃၁၆)

ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များပြည့်မီရေး ပြည်မြို့၌ အသိပေးဆွေးနွေး

ပြည် ဒီဇင်ဘာ ၁၂

ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရေး တိုင်းအဆင့်အသိပေးဆွေးနွေးပွဲကို ဒီဇင်ဘာ၉ရက် နံနက်၉နာရီက ပြည်မြို့ မင်္ဂလာဂါးဒင်းဟိုတယ်၌ကျင်းပရာ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး လှကျင် တက်ရောက်အမှာစကားပြောကြားသည်။ ထို့နောက် ကျန်းမာရေးဦးစီးဌာန(နေပြည်တော်) မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိဂီမြင့်က ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ အကောင်အထည်ဖော်နေသောလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များတွင် ပြည်သူများပူးပေါင်းပါဝင်မှု လိုအပ်ပုံများကိုအသိပေးဆွေးနွေးသည်။

တက်ရောက်

အဆိုပါအသိပေးဆွေးနွေးပွဲကို ပဲခူးတိုင်း(အနောက်ပိုင်း) ကျန်းမာရေးကြီးကြပ်မှုကော်မတီဝင်များ၊ တိုင်းကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (တိုင်း ပြန်/ဆက်)

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မျိုးဥယျာဉ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ဘုတလင်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးတံတားဖွင့်

ဘုတလင် ဒီဇင်ဘာ ၁၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ဆည်ဝကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးတံတားဖွင့်ပွဲကို နိုဝင်ဘာ ၂၉ရက် နံနက်၇နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆည်ဝ၊ ကျွဲသေချောင်း၊ အိုင်ပေါင်းချောင်းမှ တာဝန်ရှိသူများနှင့် ဆည်ကုန်းကျေးရွာတို့မှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါတံတားဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌဦးဇော်လွင်၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ရပ်မိရပ်ဖ ဦးဆင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်သွယ်မှုလွယ်ကူ

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်အရ အဆိုပါတံတားဆောက်လုပ်ခြင်းကြောင့် ဆည်ဝရွာဟောင်းနှင့် ကျွဲသေချောင်းကျေးရွာချင်းဆက်လမ်းတွင် ချောင်းရေစီးဆင်းမှုကြောင့် သွားလာမှုခက်ခဲရာမှ ယခုအခါ မြို့နယ်၏ အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းကျေးရွာများ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

အကုန်အကျခံ

အဆိုပါတံတားမှာ အရှည်ပေ၁၀၀၊ အကျယ် ၁၀ပေ၊ အမြင့် ၁၀ပေရှိပြီး ငွေကျပ်၆သိန်းအကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့မဈေးအတွင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရာ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (၀၆၅)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြလမ်းများ ကောင်းမွန်စေရန်အတွက် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးစိုင်းဝဏ္ဏနှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်သည့် ရတနာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ဒီဇင်ဘာ ၅ရက်က အင်ဂျင်နီယာမှူး ဦးအောင်ထွန်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့နယ်စည်ပင် ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်

သာစည် ဒီဇင်ဘာ ၁၂

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်း ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် မင်းလှကန်မှ ရေသွယ်ယူရေးအတွက် တိုင်းတာခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၈ရက်က လုပ်ငန်းတာဝန်ခံ ဦးအောင်ကျော်မင်း၊ အငယ်တန်းအင်ဂျင်နီယာ(၂)နှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးက ကြီးကြပ်ဆောင်ရွက်သည်။ *(မြို့နယ်စည်ပင်)*

ကန်ပက်လက်၌ ကံ့ကူစာကြည့်တိုက်ဖွင့်

ကန်ပက်လက် ဒီဇင်ဘာ ၉

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကန့်သာရုံရွာ၏ ကံ့ကူကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို နိုဝင်ဘာ ၆ရက် နံနက် ၉နာရီက အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်စင်ထွန်းက ဦးဆောင်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကီးနှင့် ကံ့ကူစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးအွမ်တပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်န်ဂျီအိုမှ တာဝန်ရှိသူများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အသိပညာပေးဟောပြောပွဲ ရွှာင်တွင် ကျင်းပ

ရွှာင် ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင်နှင့် ရွှာင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် လူကုန်ကူးမှုလျော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာဒေါ်ခင်ဝင်းမြင့်က ကိုယ်ဝန်ဆောင်မိခင်များအကြောင်းကို လည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်က သွေးလွန်တုပ်ကွေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင်ဒေါ်ရီရီခိုင်က အမျိုးသမီးများ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှု အကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အိုင်အိုဒင်းဆားများ ဖြန့်ဝေပေးရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမှုဆောင်ဒေါ်ရီရီခိုင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင် ဒေါ်စုစုလှိုင်တို့က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ပြီးစီးရေး ကျောက်ပန်းတောင်းမြို့နယ်တွင် ဆွေးနွေး

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်အေးအေးနွဲ့နှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးနေအောင်တို့သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက အိုင်မကျေးရွာအုပ်စု အိုင်မရွာသို့ရောက်ရှိကြပြီး နိုင်ငံတော်မတည်လှူဒါန်းငွေဖြင့် ဆောက်လုပ်လျက်ရှိသော ကျေးရွာစာကြည့်တိုက်ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်အဆောက်အအုံကို သတ်မှတ်ပုံစံနှင့်အညီ ဆောက်လုပ်ရေးနှင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းဆောင်ရွက်မှု ပြီးစီးရေးတို့ကို ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖလမ်းခရိုင် ပြန်/ဆက် လုံပီးစာကြည့်တိုက် ဆောက်လုပ်ပြီးစီးရေးဆွေးနွေး

ဖလမ်း ဒီဇင်ဘာ ၁၀

နိုင်ငံတော်မတည်ငွေဖြင့်ဖလမ်းမြို့နယ် လုံပီးကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဖလမ်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမန်းစိန်သည် ဒီဇင်ဘာ ၆ ရက် မွန်းတည့် ၁၂နာရီက သွားရောက်ပြီး တိုင်အုတ်ခုံတည်ဆောက်မှုနှင့် ပစ္စည်းစုဆောင်းမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဆောက်လုပ်ရေး ကော်မတီဝင်များနှင့် အဆောက်အအုံစံချိန်စံညွှန်းမီ သတ်မှတ်ကာလပြီးစီးရေး ဆွေးနွေးညှိနှိုင်းကြသည်။ ***(ခရိုင် ပြန်/ဆက်)***

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

ပဲခူး ဒီဇင်ဘာ ၁၆

ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ပဲခူးမြို့နယ် ဝင်္ကဘော်ကျေးရွာတွင် ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် တရားမဝင်ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၆ရက် နံနက် ၁၀နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

ပညာပေးဟောပြော

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မြင့်သိန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးထွန်းထွန်းဝင်းတို့က ငါးသယံဇာတ ထိန်းသိမ်းရေးနှင့် တရားမဝင်ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေး ပညာပေးဟောပြောကြသည်။

ပိုစတာစိုက်ထူ

အခမ်းအနားအပြီးတွင် ဘက်ထရီရှော့တိုက်(ကျဉ်စက်)ဖြင့် ငါးမဖမ်းဆီးရေး အသိပေးပိုစတာများကို ဝင်္ကဘော်၊ ဘုရားကြီး၊ ဘုရားလေး၊ ဝမ်းဘဲအင်း၊ ပျဉ်ပုံရွာသစ်၊ ပျဉ်ပုံကြီးနှင့် ပေါက်တောကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များသို့ ဖြန့်ဝေခြင်းနှင့် ကျေးရွာများအတွင်း ပိုစတာစိုက်ထူခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင်ငါးလုပ်ငန်းဦးစီးဌာန)**

လမ်းလျှောက်ပွဲ လက်ပံတန်း၌ ဆင်နွှဲ

လက်ပံတန်း ဒီဇင်ဘာ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ကြီးမှူးကျင်းပသည့် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၅ရက် နံနက် ၅နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေမျိုးသန်း ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ၁လမ်းမှ ကျွန်းကလေးတာဆုံအထိ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။ (၁၇၅)

ပဲခူးတိုင်း တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) သစ်ကြိမ်း - ထုံးဘိုကြီး လမ်းပိုင်းရှိလမ်း၊ တံတားများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ဒီဇင်ဘာ ၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်၊ လမ်းစည်းကမ်း မတ္တရာမြို့နယ်၌ ပညာပေးဟောပြော

မတ္တရာ ဒီဇင်ဘာ ၁၂

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် စလွန်ဖြူအထက(ခွဲ)တွင် နိုဝင်ဘာ ၁၉ရက် နံနက် ၉နာရီက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင် ဒုတိယရဲမှူးခင်မောင်စိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း ပညာပေးဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်တင်ယုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေး ပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာခွန်ဝင်းလတ်က အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများ အကြောင်း ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း ပြင်ဦးလွင်၌ အသိပညာပေးဟောပြော

ပြင်ဦးလွင် ဒီဇင်ဘာ ၁၀

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဒီဇင်ဘာ ၁ရက်က ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရောဝတီခန်းမ၌ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင်က အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခုတင် (၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာအောင်စန်းဦးက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါအကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော စာစီစာကုံး၊ ကဗျာနှင့် ပန်းချီ၊ ကာတွန်းပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းမှ ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ **(၀၈၈)**



လယ်ယာဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်၌ကျင်းပ

တောင်ကြီး ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂ရက် မွန်းတည့် ၁၂နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်ဘဏ်ခွဲ၌ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ဘဏ်ခွဲ မန်နေဂျာ ဦးသန်းငွေအောင်နှင့် ကယားပြည်နယ်မန်နေဂျာ ဦးသန်းထိုက်တို့က မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးက မြို့နယ်မန်နေဂျာများနှင့် ဝန်ထမ်းများအား သတ်မှတ်ချိန်အတွင်း မိုးရာသီချေးငွေများ အပြည့်အဝကောက်ခံရရှိရေးအတွက် ကြိုးကြပ်ဆောင်ရွက်ကြရန် မှာကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

အထက(၃)သင်္ဃန်းကျွန်း မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၈

အထက(၃) သင်္ဃန်းကျွန်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အငြိမ်းစားဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၀ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း မြသီလာခန်းမ၌ကျင်းပမည့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲသို့ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများ ဦးမြင့်စိုးဝင်း ဖုန်း-၀၉-၅၀၆၁၄၅၈၊ ဦးထွန်းအေးကြည် ဖုန်း-၀၉-၅၀၂၄၈၀၄၊ ဦးသိန်းငွေ(ခ) ကိုသက် ဖုန်း-၅၇၁၅၈၁၊ ဦးခင်မောင်ညွန့် ဖုန်း-၀၉-၅၀၆၃၀၉၀၊ ဦးမြင့်အောင် ဖုန်း-၀၉-၅၀၆၃၃၀၅၊ ဒေါက်တာသက်လွင် ဖုန်း-၇၂၇၄၉၀၊ ဦးမြင့်ခိုင် ဖုန်း-၀၉-၅၀၉၃၁၉၅၊ ဦးဇော်မင်းနိုင် ဖုန်း-၅၆၆၄၃၅၊ ဦးစိန်ထွန်းအောင် ဖုန်း- ၀၉-၅၁၈၁၁၇၂၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၀၀၄၃၉၀၊ ဒေါ်ခင်ခင်မြ ဖုန်း-၅၆၁၃၅၈၊ ဒေါ်ခင်မော်မော် ဖုန်း-၅၆၁၃၁၆၊ ဒေါ်မြင့်မြင့်ဦး ဖုန်း-၅၆၂၆၁၇ နှင့် ကျောင်းအုပ်ဆရာမကြီး အထက(၃) ဖုန်း-၅၆၅၁၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးထွန်းဝေ ဒီဇင်ဘာ ၇ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မော်တော်ယာဉ်ဌာနကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ ဒီဇင်ဘာ ၂ရက်က ဟိုပုံးမြို့၌ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် သစ်ခွလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

သာစည်မြို့နယ် အမှတ်(၁) အထက်တန်းကျောင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

သာစည် ဒီဇင်ဘာ ၁၂

သာစည်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယမြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၂၆ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါ ကျောင်းတမာလွင်ပြင်၌ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၉၈ဦးတို့အား ပူဇော်နိုင်ရေးအတွက် ကျောင်းသား ကျောင်းသူဟောင်းများ လှူဒါန်းလိုပါက သီရိသုခမ္မသိင်္ဂီ ဒေါ်အေးအေးချို (သာစည်အသင်း-ရန်ကုန်မြို့) ဖုန်း-၀၁-၅၇၉၇၄၉၊ ကျောင်းအုပ်ကြီး အထက(၁) ဖုန်း-၀၆၄-၆၉၀၂၀၊ ကျောင်းအုပ်ကြီး အထက(၂) ဖုန်း-၀၆၄-၆၉၂၇၂၊ ဦးခင်မောင်ဇော် ဖုန်း-၀၆၄-၆၉၂၃၆၊ ဦးစိုးမြင့် ဖုန်း-၀၆၄-၆၉၁၇၃၊ ဦးခင်မောင်လေး ဖုန်း-၀၈၁-၂၉၁၉၁၊ ဦးစိုးအောင် ဖုန်း-၀၆၄-၂၄၃၈၂၊ ဦးမြင့်အောင် ဖုန်း-၀၂-၈၀၅၉၆နှင့် ဦးကံညွန့် ဖုန်း-၀၂-၃၂၂၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(၀၉၄)

ရန်ကုန်မြို့နေ ဦးမျိုးမြင့်အောင်-ဒေါ်ကဗျာဘွဲ့မှူးတို့၏ သမီး မမေမျိုးကဗျာ၏ လေးနှစ်ပြည့်မွေးနေ့ အလှူအဖြစ် ငွေကျပ်တစ်သိန်းကို တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက်လှူဒါန်းရာ အလှူရှင်ကိုယ်စား ဘိုးဘွားရိပ်သာအဖွဲ့မှ လှူဒါန်းပေး၍ ရိပ်သာတွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းက လက်ခံယူစဉ်။

(၁၀၅)

စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီရေး ဆွေးနွေး

တမူး ဒီဇင်ဘာ ၁၆

တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမနားထန်းသည် ဒီဇင်ဘာ ၁၀ရက်က မြို့သစ်မြို့နယ်ရုံး၌ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ခိုင်မာသော စာကြည့်တိုက်များဖြစ်ရေး ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့သစ်မြို့နယ် ဦးစီးမှူး ဦးထွန်းမင်းအောင် လိုက်ပါလျက် တိုင်း၏ ပံ့ပိုးမတည်ငွေကျပ် ငါးသိန်းဖြင့် ဆောင်ရွက်နေသည့် ဖိုင်လင်းကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ ***(ခရိုင် ပြန်/ဆက်)***

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်

အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု ဝန်ကြီးများ ကြည့်ရှုလေ့လာ

နေပြည်တော် ဒီဇင်ဘာ ၁၈

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်၌ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ဒီဇင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ (ယာပုံ) *စာမျက်နှာ ၃ ကော်လံ ၃* ■

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အသက်နှင့်မလိုက်အောင် ရင့်ရော်သူများထက် နုပျိုသူများက ပိုမိုအသက်ရှည်

နုပျိုသည့် သွင်ပြင်လက္ခဏာရှိသူများသည် အသက်နှင့် မလိုက်အောင် အိုမင်းရင့်ရော်သူများထက် လူ့ဘဝတွင် ပိုမိုနေကြရကြောင်း ဒိန်းမတ်သုတေသီများက နောက်ဆုံးလေ့လာတွေ့ရှိသည်ဟု ဆိုသည်။

ပို၍အသက်ရှည်

ဖြိတိသျှ ဆေးဝါးဂျာနယ်တွင် ဖော်ပြထားသည့် တွေ့ရှိချက်အရ ကလေးမျက်နှာပိုင်ရှင်များသည် သက်တူရွယ်တူ အသက်ကြီးပုံပေါက်သူများထက် ပို၍ အသက်ရှည်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သွင်ပြင်ပုံပန်းသဏ္ဌာန်တစ်ခုတည်းဖြင့်ပင် လူတစ်ယောက်၏ သက်တမ်းအပိုင်းအခြားကို ခန့်မှန်းနိုင်သည်ဟု ဆိုသည်။

မျိုးရိုးဗီဇကို သယ်ဆောင်သော နူးကလီးယပ်အတွင်းရှိ ပစ္စည်းများ၏ အဆုံး၌ရှိသော အကာန့်တို့တွင် ကလေးမျက်နှာပိုင်ရှင်များ၏ ခရိုမိုဆုန်း အစွန်းများက ပိုမိုရှည်ကြောင်း တွေ့ရသည်။ ဤသည်မှာ ကလာပ်စည်းများ၏ ပုံတူပွားနိုင်စွမ်းကို ပြသခြင်းဖြစ်သည်ဟု ဆိုသည်။ ။

ထူးခြားသည့် ညအပူချိန် ၁၈-၁၂-၂၀၀၉

လွိုင်လင်မြို့	၁ ဒီဂရီစင်တီဂရိတ်	နမ့်စန်မြို့	၅ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်	ဟဲဟိုးမြို့	၅ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၄ ဒီဂရီစင်တီဂရိတ်	မိုးကုတ်မြို့	၆ ဒီဂရီစင်တီဂရိတ်

တိမ် အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။